မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ စနေနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၅၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသော

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် အဘီဆစ်ဝဲ့ချာချီဝ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံသို့ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ *စာမျက်နှာ ၃ ကော်လံ ၅* *

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

28-2 (01).pmd 1 2/28/2009, 12:49 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်)

နည်းပညာရပ်များရရှိရန် ကြိုးပမ်းစွမ်းဆောင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဖော်ဆောင်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံကာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးတည်ဆောက်နိုင်ရန် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည်။

စိုက်ပျိုးရေးကို အခြေခံသောစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုထုတ်ကုန်များ၏ အရေအတွက်နှင့် အရည်အသွေးတိုးတက်မြင့်မားရေး၊ စက်ပစ္စည်းကိရိယာအသစ်များ တိုးတက်ထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်းသုံးစက်ကိရိယာများထုတ်လုပ်ရေး စသည့် ဦးတည်ချက်များကို အခြေခံ၍ စက်မှုနိုင်ငံအဖြစ် ကူးပြောင်းရောက်ရှိရေးကို ဦးတည်ကြိုးပမ်းလျက်ရှိသည်။

ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ သာဂရစက်မှုနယ်မြေ၌ အကောင်အထည်ဖော်ခဲ့သည့် အဆင့်မြင့်စက်မှုသင်တန်းကျောင်းဖြစ်သည့် စက်မှုသင်တန်းကျောင်း(သာဂရ)ဖွင့်ပွဲနှင့် လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက်က သာဂရစက်မှုနယ်မြေ၌ ကျင်းပခဲ့သည်။

ယခု ဖွင့်လှစ်လိုက်သည့် အဆင့်မြင့်စက်မှုသင်တန်းကျောင်းဖြစ်သည့် စက်မှုသင်တန်းကျောင်း(သာဂရ)သည် အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် Korea International Cooperation Agencyတို့ ပူးပေါင်း၍ အကောင်အထည်ဖော်တည်ဆောက်ခဲ့သော သင်တန်းကျောင်းဖြစ်သည်။

စက်မှုသင်တန်းကျောင်း၏ ပင်မဆောင်အတွင်းတွင် သင်ကြားရေးခန်းမ၊ ကျောင်းသားရေးရာဌာန၊ အီလက်ထရွန်နစ်ဌာနနှင့် လျှပ်စစ်ဌာနအတွင်းရှိ သင်ကြားရေးစက်ကိရိယာများ၊ စမ်းသပ်ကိရိယာများ၊ ကွန်ပျူတာများ စသည်ဖြင့် ပါရှိသည်။ ဘာသာရပ်လေးမျိုး သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလ တစ်နှစ်သင်တန်းများဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်မှုကဏ္ဍ၊ ပုဂ္ဂလိကပိုင်စက်မှုကဏ္ဍနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု စက်မှုကဏ္ဍဟူ၍ ကဏ္ဍများခွဲခြား၍ အကောင်အထည်ဖော်လျက်ရှိသည်။

ယခု ဤသင်တန်းကျောင်းဖွင့်လှစ်နိုင်ခြင်းဖြင့် စက်မှုဆိုင်ရာဘာသာရပ်များ၊ နည်းပညာများ ရရှိမည်ဖြစ်၍ နိုင်ငံတော်၏ စက်မှုဖွံ့ဖြိုးရေးတွင် များစွာအထောက်အကူပြုနိုင်မည် ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေးဟူသော စီးပွားရေးဦးတည်ချက်နှင့်အညီ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူအားလုံးသည် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အကြံပြုလွှာများအတွက် လက်ဆောင်ချီးမြှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကထုတ်လွှင့်သော အစီအစဉ်များအပေါ် ပရိသတ်အကြံပြုလွှာများနှင့်စပ်လျဉ်း၍ ပြည့်စုံစွာဖော်ပြထည့်သွင်းပေးပို့ခဲ့သည့် အကြံပြုလွှာ ၁၅၃ စောင်ကို ဖေဖော်ဝါရီ ၁၅ရက်က ကံစမ်းမဲဖွင့်ခဲ့သည်။

ဆက်သွယ်ထုတ်ယူ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆက်စပ်ရုပ်/သံလိုင်းများ ဖမ်းယူကြည့်ရှုနိုင်မည့် Family Box နှင့် ခြောက်လ အခမဲ့ကြည့်ရှုခွင့် ဆုမဲများပေါက်ခဲ့သူ ၁၀ ဦးတို့မှာ ဦးဝဏ္ဏဝေ ငွေရောင်ခြည်ကဖေး သံသုမာလမ်းနှင့် သစ္စာလမ်းထောင့် ၁၀ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်၊ ဦးမောင်အောင် အမှတ် ၃၊ ဂန္ဓမာလမ်း ငွေကြာရံရိပ်သာ ပါရမီ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်၊ မောင်အောင်ပြည့်ဟိန်း အမှတ် ၆၅၊ မင်းလမ်း ရိပ်သာရပ်ကွက် လှည်းကူးမြို့နယ် ရန်ကုန်တိုင်း၊ မဇန်နဝါအောင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန မုံရွာခရိုင် မုံရွာမြို့၊ ဒေါ်ခင်မြ အမှတ် ၆၆/ခ၊ ၆/၁၁ရပ်ကွက် စစ်တောင်းလမ်း ရွှေပြည်သာမြို့နယ် ရန်ကုန်၊ မခင်ခင်ဆွဲ အမှတ် ၂၂၊ စကားဝါလမ်း ဈေးရပ်ကွက် ထောက်ကြန့်မြို့ မင်္ဂလာဒုံမြို့နယ် ရန်ကုန်၊ ဒေါ်အေးရီ အမှတ် ၂၃-ခ၊ သာစည်လမ်း (၁၃)ရပ်ကွက် ရွှေပေါက်ကံမြို့သစ် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်၊ ဒေါ်မြင့်မြင့်မော် အမှတ် ၂၄ ဘုရင့်နောင် ၉လမ်း ရန်ကုန်သစ်ရပ်ကွက် သုဝဏ္ဏ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်၊ ဦးရွှေဘသိန်း အမှတ် ၁၇၇၊ စက်လမ်း (၄)ရပ်ကွက် မှော်ဘီမြို့နယ် ရန်ကုန်၊ ဒေါ်သန်းသန်းအေး တိုက်(၁၁)၊ အခန်း ၀၀၆၊ အေးရိပ်မွန်အိမ်ရာ (၄)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်တို့ဖြစ်ကြောင်းနှင့် ဆုမဲများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖုန်း -၀၆၇-၇၉၁၈၅ သို့လည်းကောင်း၊ Forever Group Co., Ltd. ဖုန်း-၀၁-၅၃၅၈၄၁ တို့သို့လည်းကောင်း ဆက်သွယ်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှည်းကူးမြို့နယ်စည်ပင် ကျေးရွာအဝင်လမ်း ဂဝံခင်း

လှည်းကူး ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့်အဖွဲ့သည် လှည်းကူးမြို့ ညောင်တခြမ်းကျေးရွာအဝင်လမ်း ဂဝံခင်းခြင်းဆောင်ရွက်မှုကို ဇန်နဝါရီ ၉ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဘသိန်းတို့က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြဝတီရုပ်မြင်သံကြား

၂၈-၂-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှသတ္တဝါများ** (အပိုင်း-၁)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဂန္ထဝင်ဆူးလှည်း** လွင်မိုး၊ ခိုင်သင်းကြည်
၁၃း၅၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၁၄း၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၂၅)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄း၂၅	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက်အကူပြု သင်ခန်းစာ(ရူပဗေဒအပိုင်း-ခ)
၄း၄၅	၇။	မြန်မာစာမြန်မာစကား(အပိုင်း-၇)
၅း၀၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀	၉။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၅၇)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	အင်္ဂလိပ်စာသုတ (English Usage)
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၃၀)

သတ္တမအကြိမ် ဆရာဝန်ညီလာခံ ဆေးပညာဟောပြောပွဲနှင့် ဆေးနှင့်ဆေးပစ္စည်းပြပွဲ အခမ်းအနားကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံဆရာဝန်အသင်း(မော်လမြိုင်အသင်းခွဲ)၏ သတ္တမအကြိမ် ဆရာဝန်ညီလာခံ ဆေးပညာဟောပြောပွဲနှင့် ဆေးနှင့် ဆေးပစ္စည်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက် နံနက် ၉နာရီခွဲက မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကားပြောကြားပြီး (အပေါ်ပုံ) မြန်မာနိုင်ငံဆရာဝန်အသင်း အတွင်းရေးမှူး ဒေါက်တာဇော်တင့်က မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ဖတ်ကြားသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း (မော်လမြိုင်အသင်းခွဲ) ဥက္ကဋ္ဌ ဒေါက်တာ ဌေးအောင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

တက်ရောက်

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးနှင့် ဆေးပစ္စည်းပြပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး မွန်ပြည်နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွန်းနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ ပါမောက္ခ ဒေါက်တာ ညွန့်သိန်းတို့က ဆေးနှင့်ဆေးပစ္စည်းပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်များသည် ဆေးနှင့်ဆေးပစ္စည်းပြပွဲကို လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန် အလက(၄) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၁၉၇၂မှ ၂၀၀၉ခုနှစ်အတွင်း အင်းစိန် အလက(၄)၌ ပညာသင်ကြားပေးခဲ့သော အသက်(၆၀)ပြည့်ပြီးသည့် ဆရာကြီး ဆရာမကြီးများအား မတ်၂၈ရက် (စနေနေ့) တွင် အင်းစိန် အလက(၄)၌ ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲသို့ ဖိတ်စာမရရှိသော ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများလည်း မပျက်မကွက်တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုပါက ဦးစည်သူ ဖုန်း-၆၅၃၅၁၆၊ ဦးကွန်းထွဋ်ဦး ဖုန်း-၀၉-၅၀-၇၂၀၂၁၊ ဦးကျော်မျိုးနိုင် ဖုန်း-၆၄၁၉၇၀၊ ဒေါ်ဌေးဌေးဝင်း ဖုန်း-၆၄၁၁၄၂၊ ဒေါ်ယဉ်မင်းအေး ဖုန်း-၆၄၃၅၀၅နှင့် ဒေါ်မေမြတ်နွယ် ဖုန်း-၀၉-၅၀-၂၅၉၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တက္ကသိုလ်များသမိုင်းအထူးပြု ကျောင်းသားကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၁၉၆၄-၆၅ခုနှစ်မှ ၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်များသမိုင်းအထူးပြု ကျောင်းသားကျောင်းသူများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၂ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ Excel Treasure Hotel ၌ ကျင်းပရာ ပူဇော်ပွဲကျင်းပရေး ကော်မတီနာယက ဦးဝင်းနိုင်၊ ဒေါက်တာမာဂရက်ဝေါင်းနှင့် ဥက္ကဋ္ဌဦးနန်းအောင်တို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် အပူဇော်ခံ ဆရာကြီး ဆရာမကြီး၄၀၏ အမည်စာရင်းကို ဦးသိန်းဝင်းက ဖတ်ကြားကြေညာပြီး ကန်တော့ပန်ကြားလွှာကို ဦးဉာဏ်ဝင်းက တိုင်ပေးကာ လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ **(အောက်ပုံ)** ဆက်လက်၍ ဆရာကြီး ဆရာမကြီးများကိုယ်စား ဒေါက်တာခင်မောင်ညွန့်နှင့် ဒေါ်အုန်းကြည်တို့က ဩဝါဒစကား ပြောကြားကြပြီး နဝမအကြိမ်အာစရိယပူဇော်ပွဲအစီရင်ခံစာကို ဦးမောင်မောင်ကြွယ်က တင်ပြသည်။ ထို့နောက် အာစရိယပူဇော်ပွဲနှင့်စပ်လျဉ်း၍ ဦးမျိုးမြင့်က သုံးသပ်အကြံပြုပြီး အလှူရှင်များအား ဂုဏ်ပြုလွှာများပေးအပ်ကြသည်။ **(ပညာရေး)**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၀၉) အစည်းအဝေးကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံကြီး၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ထိုင်းနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ထိုင်းနိုင်ငံ ချာ-အမ် (Cha- am) မြို့၌ ဖေဖော်ဝါရီ၂၇ရက်မှ ၂၈ရက်အထိ ကျင်းပမည့် "AIPA ကိုယ်စားလှယ်အဖွဲ့ အလွတ်သဘောအစည်းအဝေးနှင့် အာဆီယံ နိုင်ငံခေါင်းဆောင် အကြီးအကဲများနှင့် အလွတ်သဘော အစည်းအဝေး"တို့သို့ တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဗိုလ်ချုပ်မောင်ရှိန်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာဘန်စန်းဘွန်နတ်ခ်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုတင်ထွက်ခွာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြပြီး အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့သည် အာဆီယံထိပ်သီးအစည်းအဝေး မတိုင်မီ ကြိုတင်ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ဖေဖော်ဝါရီ ၂၆ရက်တွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့သို့ ကြိုတင်ထွက်ခွာသွားကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့(၁/၂၀၀၉)အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သာသနာရေးဝန်ကြီးဌာန နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၀၉) အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံကြီး၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက အဖွင့်သြဝါဒကထာ မြွက်ကြားတော်မူသည်။

လျှောက်ထား

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့်က တက္ကသိုလ်များအုပ်ချုပ်ရေးအဖွဲ့၏ (၂/၂၀၀၈) အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုချက်ရယူသည်။

မြွက်ကြား

ယင်းနောက် ဗဟိုပညာရေးအဖွဲ့၏ (၁/၂၀၀၉) အစည်းအဝေး တင်ပြချက်များကို အတည်ပြုဆုံးဖြတ်က အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြပြီး ဒုတိယဥက္ကဋ္ဌဆရာတော်က နိဂုံးချုပ်သြဝါဒကထာ မြွက်ကြားတော်မူသည်။ (သတင်းစဉ်)

သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်လက်ခံရယူမည့် လူပုဂ္ဂိုလ်များ ဖိတ်စာများထုတ်ယူနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

၁၃၇၀ပြည့်နှစ် တပေါင်းလပြည့်နေ့ မတ်၁၀ရက် (အင်္ဂါနေ့)တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား၌ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်များကို လက်ခံရယူကြမည့် လူပုဂ္ဂိုလ်များသည် ဖိတ်စာများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးရေးရာဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကို ဖုန်း-၀၆၇-၄၀၆၀၄၅ထံတွင် မတ်၄ရက်နှင့် ၅ရက်တို့၌ ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာဖွယ်ရာရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်မှာ နမ့်စန်မြို့တွင် ၇ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၂၄လက်မနှင့် ပူတာအိုမြို့တွင် ၀ဒသမ ၁၅လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ၂၈ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မိုင်းဖြတ်၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မိုင်းဖြတ် ဖေဖော်ဝါရီ ၂၇

မိုင်းဖြတ်မြို့နယ် ဆားလို့ကျေးရွာအုပ်စု နမ့်ဟွေလုံကျေးရွာ မြရတနာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးလီအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲကျင်းပရာ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စောဝေက စာအုပ်မျိုးစုံ အုပ် ၅၀နှင့် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦးက မဂ္ဂဇင်းနှင့် ဂျာနယ် အုပ်၁၀၀တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးလီအေးက လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သင်တန်းများဆင်းပွဲတွင် အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၀)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၅၈/၅၉) သင်တန်းများဆင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ထူးချွန်

ထို့နောက် အဆင့်မြင့်အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၂၀)တွင် စံပြသင်တန်းသူဆုရရှိသူ လားရှိုး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ နည်းပြ ဒေါ်ခင်မျိုးစုအားလည်းကောင်း၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၅၈)တွင် စံပြသင်တန်းသူဆုရရှိသူ နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်း လက်နှိပ်စက်ဒေါ်ဖြူဖြူခိုင်နှင့် စာပေထူးချွန်ဆုရရှိသူ ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စာရင်းကိုင်-၄ ဒေါ်ယဉ်ယဉ်ဦးတို့အားလည်းကောင်း၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၅၉)တွင် စံပြသင်တန်းသူဆုရရှိသူ ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(မော်လမြိုင်)မှ အငယ်တန်းစာရေး ဒေါ်သဇင်သင်းနှင့် စာပေထူးချွန်ဆုရရှိသူ နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ အငယ်တန်းစာရေး ဒေါ်ဇာဇာထွေးအား လည်းကောင်း ထူးချွန်ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသူကိုယ်စားလှယ်များထံ ပေးအပ်သည်။

သင်တန်းကာလ

အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၀)သို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၂၃ဦး၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၅၈)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသူ ၁၂၀၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၅၉)သို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသူ ၄၀၊ စုစုပေါင်း သင်တန်းသူ ၁၈၃ဦး တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်ခဲ့သည်။

ကြည့်ရှုအားပေး

သင်တန်းများ ဆင်းပွဲအပြီးတွင် ညွှန်ကြားရေးမှူးချုပ်သည် အဆင့်မြင့်အိမ်တွင်းမှု သင်တန်းသူများ၏ လက်တွေ့ချုပ်လုပ်မှုနှင့် သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်လက်ရာများကို ကြည့်ရှုအားပေးပြီး စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားရိပ်သာနှင့် ဗဟိုလေ့ကျင့်ရေးကျောင်း၏ နှစ်ရှည်သီးနှံ/ရာသီသီးနှံ စိုက်ပျိုးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

ဘက်စုံဆုချီးမြှင့်

အမက(၂၁)သာကေတ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် သူငယ်တန်း၌ ဘာသာစုံထူးချွန်ဆုရရှိသူ မယမင်းအေးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည် ဆုချီးမြှင့်စဉ်။

(ပညာရေး)

ယူအေအီး နိုင်ငံတကာ ကာကွယ်ရေးဆိုင်ရာပြပွဲတွင် လက်နက်ဝယ်ယူရန် စာချုပ်များလက်မှတ်ရေးထိုး

အဘူဒါဘီ ဖေဖော်ဝါရီ ၂၇

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)က ၂၀၀၉ခုနှစ်နိုင်ငံတကာ ကာကွယ်ရေးဆိုင်ရာပြပွဲ **(အပေါ်ပုံ)** (အိဒက်စ်)တွင် သဘောတူစာချုပ်သစ်များကို ဖေဖော်ဝါရီ ၂၄ရက်က လက်မှတ်ရေးထိုးပြီးသည့်နောက် ဒါဟမ်ငွေ ၁၆ဒသမ၈၇ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ဒသမ၆ဘီလီယံ) တန်ဖိုးရှိစာချုပ်များကို လက်မှတ်ရေးထိုးကြောင်း အိဒက်စ်ပြောရေးဆိုခွင့်ရှိသူ အယ်လ်ကာဘီက ပြောကြားသည်။ ဒါဟမ်ငွေ၁ဒသမ ၄၇ဘီလီယံတန်ဖိုးရှိ စာချုပ်များကို အရှေ့အလယ်ပိုင်းဒေသတွင် ကျင်းပသည့် အကြီးဆုံးသော လက်နက်ပြပွဲ၏ စတုတ္ထမြောက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ဝယ်ယူမည်

လက်မှတ်ရေးထိုးပြီး စာချုပ်သစ်များတွင် ဒါဟမ်ငွေ ၁ဒသမ၀၇ဘီလီယံတန်ဖိုးရှိ စာချုပ်ပါဝင်ပြီး ကနေဒါပြည်နယ် အာကာသယာဉ်တည်ဆောက်ရေး ကုမ္ပဏီနှင့် လက်မှတ်ရေးထိုးခဲ့ရာ ရေကြောင်းဆိုင်ရာ ကင်းလှည့်လေယာဉ်နှစ်စင်းကို အဆင့်မြှင့်ကာ ဝယ်ယူမည်ဖြစ်သည်ဟု အယ်လ်ကာဘီက ပြောကြားသည်။

လုပ်ပိုင်ခွင့်

ယူအေအီးလက်နက်ကိုင်တပ်ဖွဲ့၏ မဟာဗျူဟာအရ လေတပ်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် လုပ်ပိုင်ခွင့်ပေးထားသည်။ ယခင်ဖွံ့ဖြိုးရေးအစီအစဉ်တွင် နောက်ဆုံးပေါ်လေယာဉ်များနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက် တိုက်လေယာဉ်မှူးသင်တန်းပေးသည့် အစီအစဉ်ပါဝင်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည်

ပေကျင်း ဖေဖော်ဝါရီ ၂၇

၂၀၁၀ပြည့်နှစ်အရောက်တွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကမ္ဘာ့ကုန်စည်ပြပွဲ ကျင်းပမည်ဖြစ်ရာ နိုင်ငံပေါင်း ၂၃၁နိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ ပါဝင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၆ရက်က တရုတ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့မှ အမှုဆောင်အရာရှိက ပြောကြားသည်။

အဆိုပါကုန်စည်ပြပွဲအတွက် ယင်းနေ့နံနက်ပိုင်းက ပေကျင်းမြို့တွင် ကျင်းပသည့် ညီလာခံ၌ နိုင်ငံပေါင်း ၄၆ နိုင်ငံမှ စီးပွားရေး အဖွဲ့အစည်း ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးပြီး နိုင်ငံပေါင်း၁၈၅နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

ဖြန့်ဖြူးနိုင်ရေး

ယင်းကမ္ဘာ့ကုန်စည်ပြပွဲ၌ ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နည်းလမ်းများနှင့် အရည်အသွေးမီ အကောင်းဆုံးသော ကုန်စည်များ ခင်းကျင်းပြသထားမှုနှင့် အွန်လိုင်းပေါ်မှ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ကုန်စည်ဈေးကွက် ဖြန့်ဖြူးနိုင်ရေး အစီအမံများ ပြုလုပ်မည်ဖြစ်သည်။

ဆွေးနွေး

ထို့ပြင် နိုင်ငံတကာမှ ယဉ်ကျေးမှုဆိုင်ရာကဏ္ဍကိုလည်း တင်ဆက်ပြသရန် ပူးပေါင်းဆောင်ရွက်ရေးကို လာမည့်ခြောက်လအတွင်း ၄င်းနိုင်ငံ၌ ယဉ်ကျေးမှုပွဲတော်ကျင်းပရန် နိုင်ငံပေါင်း ၁၀၀ကျော်ပါဝင်မည်ဖြစ်ကြောင်း ထည့်သွင်း ဆွေးနွေးကြသည်။ **(အင်တာနက်)**

စမက်မော်တော်ကား ထုတ်လုပ်စက်ရုံ

ပြင်သစ်နိုင်ငံအရှေ့ပိုင်း ဟမ်းဘက်ရှ်ဒေသရှိ စမက်မော်တော်ကားထုတ်လုပ်သည့်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဖေဖော်ဝါရီ ၂၇ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဒေါ်လာ ၁၄ဘီလီယံတန်ဖိုးရှိ ဝယ်ယူရေးစာချုပ်များ တရုတ်နှင့် ဂျာမနီတို့ သဘောတူ လက်မှတ်ရေးထိုး

ဘာလင် ဖေဖော်ဝါရီ ၂၇

ကုန်သွယ်ရေးဝန်ကြီး ချန်ဒီမင်းဦးဆောင်သည့် တရုတ်စီးပွားရေး ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့က ယူရိုငွေ ၁၁ ဘီလီယံခန့်တန်ဖိုးရှိ (အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံ)ဝယ်ယူရေး စာချုပ် ၃၇ ခုကို ဂျာမနီကုမ္ပဏီများနှင့် ဘာလင်မြို့တွင် ဖေဖော်ဝါရီ ၂၄ ရက်က လက်မှတ်ရေးထိုးကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

သဘောတူညီချက်

ဝယ်ယူရေးစာချုပ် ၃၇ ခုကို အပိုင်းနှစ်ပိုင်းခွဲခြားထားပြီး ကန်ထရိုက်စာချုပ်များ ဝယ်ယူမှုနှင့် နောက်ထပ်ညှိနှိုင်းရန်လိုအပ်သည့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များဖြစ်သည်ဟု ချန်က ပြောကြားသည်။

အဆိုပါ ဝယ်ယူရေးစာချုပ်များအရ အင်ဂျင်နီယာ အသုံးအဆောင်များ၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် မာစီဒီးနှင့်ဘီအမ်ဒဗလျူကဲ့သို့သော မော်တော်ယာဉ်များ ဝယ်ယူမည်ဖြစ်သည်။

ဖော်ပြ

တရုတ်နိုင်ငံက အမေရိကန် ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ ဘီအမ်ဒဗလျူယာဉ်နှင့် မီနီမော်တော်ယာဉ် ၃၇၀၀၀၊ မာစီဒီး ၂၇၀၀၀ တို့ ဝယ်ယူရန်သဘောတူမည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဂျာမနီနှင့်တရုတ်နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက်ဆွေးနွေးရန် တရုတ်စီးပွားရေးလုပ်ငန်းရှင် အများအပြား ဂျာမနီနိုင်ငံသို့ စေလွှတ်မည်ဟုချန်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

၁၈၈၀ ပြည့်နှစ်နောက်ပိုင်း ၂၀၀၈ ခုနှစ်သည် နဝမမြောက်အပူဆုံးနှစ်ဟု ဂျီအိုင်အက်စ်အက်စ် ပြောကြား

ဝါရှင်တန် ဖေဖော်ဝါရီ ၂၇

ကမ္ဘာ့အပူချိန်သည် ၁၈၈၀ ပြည့်နှစ်နောက်ပိုင်း ဆက်တိုက်ဖော်ပြခဲ့သည့် မှတ်တမ်းများအရ ၂၀၀၈ ခုနှစ်သည် နဝမမြောက် အပူအွေးဆုံးသော နှစ်ဖြစ်သည်ကို တွေ့ရှိရကြောင်း နယူးယောက်မြို့ရှိ အာကာသလေ့လာရေးဆိုင်ရာ အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေး ဂေါ့ဒတ်အဖွဲ့ (ဂျီအိုင်အက်စ်အက်စ်)မှ ရာသီဥတုဆိုင်ရာ ပညာရှင်များက ပြောကြားလိုက်သည်။

လေ့လာချက်

စံချိန်တင်လောက်သည့် အပူအွေးဆုံးသော ၁၀ နှစ်၏အပူချိန်များသည် ၁၉၉၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်အတွင်း ပြန်လည်ပေါ်ပေါက်လာခဲ့သည်ဟု လေ့လာချက်များအရ သိရှိရသည်။

ပိုမိုပူနွေးလာ

၁၉၅၁ခု နှစ်မှ ၁၉၈၀ပြည့်နှစ် အထိ ရှိခဲ့သည့် ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန်သည် သုညဒသမ၄၄စင်တီဂရိတ် နှစ်စဉ်တိုးမြင့်လာလျက်ရှိနေသည်ဟု ဂျီအိုင်အက်စ်အက်စ်မှ လေ့လာသူများကပြောကြားသည်။ ကမ္ဘာကြီး တစ်ခုလုံးနီးပါး၏ အပူချိန်သည် ၂၀၀၈ ခုနှစ်တွင် သာမန်စံချိန်ထက် ပိုမိုပူနွေးလာသည်ဟု ဆိုသည်။ ပစိဖိတ်သမုဒ္ဒရာသည် ပျမ်းမျှအပူချိန်ထက် ပိုမိုအေးမြလာစဉ် ယူရေးရှား၊ အာတိတ်နှင့် အန္တာတိတ်ကျွန်းဆွယ်တို့၏ အပူချိန်သည် ပိုမိုပူနွေးလာလျက် ရှိသည်။

ပြောကြား

အပူပိုင်း ပစိဖိတ်ဒေသ၏ အပူချိန်ကျဆင်းမှုသည် ၂၀၀၈ခုနှစ်၏ ပထမနှစ်ဝက်တွင် ပေါ်ပေါက်ခဲ့သည့် လာနီညာ ရာသီဥတုကြောင့် ဖြစ်သည်ဟု ၎င်းသုတေသီများက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့လယ်၌ လမ်းဘေးဗုံးပေါက်ကွဲ နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ကောင်တွင် ဖေဖော်ဝါရီ၂၆ရက်က လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ အီရတ်တပ်ဖွဲ့ဝင် သေဆုံးပြီး ကျောင်းသားရှစ်ဦး အပါအဝင် စုစုပေါင်း၁၀ဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါပေါက်ကွဲမှုသည် ဘဂ္ဂဒက်မြို့တော်တောင်ပိုင်းတွင် ယင်းနေ့နံနက် လူအသွားအလာ စည်ကားသည့်အချိန်၌ အီရတ်တပ်ဖွဲ့ဝင်များ၏ ကင်းလှည့်ကားအား ထိမှန်ပေါက်ကွဲရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသတင်းရပ်ကွက်က ပြောကြားသည်။

ပေါက်ကွဲမှုသည် ယင်းနေ့နံနက်က ဘဂ္ဂဒက်မြို့ ဂျာဒရီယက်ချ်အရပ်ရှိ ဘဂ္ဂဒက်တက္ကသိုလ်အပြင်ဘက်တွင် အီရတ်တပ်ဖွဲ့ကင်းလှည့်ကား ဖြတ်သန်းသွားစဉ် လမ်းဘေး ဗုံးပေါက်ကွဲထိမှန်ခဲ့ခြင်းဖြစ်ကြောင်း၊ အီရတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမည်မဖော်လိုသော သတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

စစ်ဘက်ယာဉ်ကိုပျက်စီးစေခဲ့သည့် ယင်းဗုံးပေါက်ကွဲမှုတွင် ကောလိပ် ကျောင်းသားရှစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ယင်းသတင်းရပ်ကွက်က ထုတ်ဖော် ပြောကြားခဲ့သည်။ **(အင်တာနက်)**

နယူးယောက်မြို့ မန်ဟက်တန်အရပ်၌ မီးလောင် နှစ်ဦးသေဆုံး၊ ၂၇ဦး ဒဏ်ရာရရှိ

နယူးယောက် ဖေဖော်ဝါရီ ၂၇

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ မန်ဟက်တန်ရပ်ကွက်ရှိ တရုတ်တန်းအခန်းတွဲ အဆောက်အအုံတစ်ခုတွင် ဖေဖော်ဝါရီ ၂၃ရက် စောစောပိုင်းက မီးအကြီးအကျယ်လောင်ကျွမ်းသဖြင့် နှစ်ဦးသေဆုံးပြီး ၂၇ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း မီးသတ်ဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ထိခိုက်ဒဏ်ရာရ

သုံးဦးသည် မီးဘေးအန္တရာယ်မှ လွတ်ကင်းရန်အတွက်ပြတင်းပေါက်အပြင်သို့ ခုန်ချခဲ့ရာမှ ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု နယူးယောက်ပို့စ်သတင်းစာ၌ ဖော်ပြပါတာဝန်ရှိပုဂ္ဂိုလ်များက ကိုးကား၍ ရေးသားသည်။ သေဆုံးသူနှစ်ဦးမှာ အသက် ၃၂ နှစ်ရှိ တိုနီဝန်နှင့် ၎င်း၏ချစ်သူ အသက် ၃၃ နှစ်ရှိ အင်နာလူတို့ဖြစ်ကြသည်ဟုဆိုသည်။

ပြောကြား

အခြားသုံးဦး၏ အခြေအနေသည် ဆိုးရွားလျက်ရှိသည်။ ဒေသစံတော်ချိန် နံနက် ၄ နာရီ ၄၅ မိနစ်တွင် လောင်ကျွမ်းခဲ့သည့် မီးလောင်မှုဖြစ်ရပ်ကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြသည်ဟု မီးသတ်ဌာနမှ တာဝန်ရှိသူ မက်နယ်လီက ပြောကြားသည်။

နေရာရွှေ့ပြောင်း

ခြောက်ထပ်အဆောက်အအုံ၏ ဒုတိယထပ်မှ မီးစတင်လောင်ကျွမ်းပြီး အပေါ်ထပ်သို့ကူးစက်ကာ ယင်းအထပ်မှ အမိုးပြိုကျခဲ့သည်ဟု မက်နယ်လီကပြောကြားသည်။ လေပြင်းတိုက်မှုနှင့် အအေးလွန်ကဲမှုကြောင့် မီးငြိမ်းသတ်ရာတွင် ခက်ခဲကြောင်း လူများ ရာနှင့်ချီ၍ နေရာရွှေ့ပြောင်းပေးခဲ့ရသည်ဟု နယ်လီက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးလောင်ကျွမ်းနေသည်ကို ဖေဖော်ဝါရီ ၂၇ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

သီးနှံမျိုးစုံရောင်းဝယ်မှုနှင့် သိုလှောင်ထိန်းသိမ်းမှု
တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင်သည် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းက မူဆယ်မြို့(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်းသို့ ရောက်ရှိပြီး သီးနှံမျိုးစုံရောင်းဝယ်နေမှုများနှင့် သီးနှံမျိုးစုံစနစ်တကျ သိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် အမျိုးသား ကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်၏ ပြည်ပပို့ကုန် မြန်မာ့ကဏ္ဍန်းရောင်းဝယ်ရေး စခန်း၊ နမ့်ခမ်းမြို့နယ် စယ်လန့်ကျေးရွာအနီး တောင်သူဒေါ်ရွှေရင်၏ လယ်မြေ၌ ခေတ်မီကောက်စိုက်စက်ဖြင့် နွေစပါး သရုပ်ပြ စိုက်ပျိုးနေမှုနှင့် ပန်းဆေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ပန်းဆေး တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး၍ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ တိုင်းမှူးသည်ပန်းဆေး ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲခန်းမ၌ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ တိုင်းမှူး သည် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဖောင်းဆိုင်ကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်းသို့ရောက်ရှိပြီး ကျောင်းသားကျောင်းသူလေးများ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ အလှူငွေနှင့် စာရေး ကိရိယာများကို ထောက်ပံ့ပေးအပ်ပြီး ကျေးရွာ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

နွေစပါးထွန်ယက်

ထို့နောက် တိုင်းမှူးသည် မုံးကိုးမြို့ တောင်သူဦးဝင်းမောင်၏ လယ်မြေ၌ နွေစပါးထွန်ယက်စိုက်ပျိုးနေမှုနှင့် နွေစပါး စိုက်ခင်းများ၊ မူဆယ်မြို့နယ်ရှိ ကြူကုတ်-ဝမ်တိန်တံတားကွဲ့ခိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မူဆယ်မြို့ ရွှေလီရတနာရိပ်သာ အစည်းအဝေးခန်းမ၌ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံတွဲမြို့နယ်အတွင်း သစ်တောရေးရာလုပ်ငန်း
ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက သံတွဲမြို့ သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ သံတွဲမြို့ရှိ သစ်တောဦးစီးဌာန၊ သစ်ထုတ်ရေးဌာန၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

စိုက်ပျိုးရေး

ထို့နောက် ဝန်ကြီးအား ဒုတိယ အထွေထွေမန်နေဂျာရုံး ရှင်းလင်းဆောင်၌ ရခိုင်ပြည်နယ် သစ်ထုတ်ရေးဌာန ဒုတိယ အထွေထွေမန်နေဂျာ ဦးတင်ချိန်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် တာဝန်ရှိသူတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တစ်ရွာလျှင် ကျေးလက်စိုက်ခင်းတစ်ဧက၊ အိမ်ထောင်စုတစ်စုလျှင် ကျွန်းသုံးပင်နှင့် ယူကလစ်အပင် ၂၀ စိုက်ပျိုးရေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် သံတွဲမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ် (၆၈)သစ်စက်သို့ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်၊ ခွဲစိတ်ပြီးသစ်ခွဲသားများ စနစ်တကျထားသိုမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးသည် သံတွဲမြို့ အင်ဂျင်နီယာဌာန ဒေသစက်ပြင်အလုပ်ရုံကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် သံတွဲမြို့ သစ်တောဦးစီးဌာန လူထုဖြန့် ပျိုးဥယျာဉ်အတွင်း ယူကလစ်ပင်များ ပျိုးထောင်နေမှု၊ မဟော်ဂနီ၊ မဲဇလီ၊ ကျွန်း၊ ပျဉ်းကတိုး၊ ပုန်းညက်၊ ငရုတ်ကောင်းပင်များ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေး

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲပိုင်းတွင် ရမ်းဗြဲမြို့ ဝန်ပိုက် ဒီရေတောကြိုးဝိုင်းရှိ သစ်မျိုးစုံ ဒီရေတော စိုက်ကွက်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် သံသုမာလမ်းနေ ဖခင်ကြီးဦးကြည်၊ မိခင်ကြီးဒေါ်တင်မြ (ခ)ဒေါ်ပူစီ (၃)နှစ်ပြည့် အထိမ်းအမှတ် ရည်စူးပြီး သမီးဒေါ်ခင်စိန်နှင့်မောင်နှမ တစ်စုတို့က ထာဝရဆေးပဒေသာပင် ငွေကျပ် ၁၀၃၀၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (၁၁၉)

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ မြင်းခြံမြို့နယ် မဂ္ဂဇင်းအမှတ်(၁)ရောင်းချပွဲနှင့် အသင်း နှစ်ပတ်လည်အစည်းအဝေးကို မတ် ၂၂ ရက် (တနင်္ဂနွေနေ့)မွန်းတည့်၁၂နာရီတွင် သဃ်န်းကျွန်းမြို့နယ် ရတနာလမ်းရှိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ မြင်းခြံမြို့နယ်သူမြို့နယ်သား၊ အသက် ၈၀ နှင့်အထက်အဘိုးအဘွားများ အမှုဆောင်အဖွဲ့နှင့် ဆက်သွယ်နိုင်ကြသည်။

လှူဒါန်းနိုင်

၂၀၀၈ ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော ရန်ကုန်ရောက် မြင်းခြံမြို့နယ်သူမြို့နယ်သားများ၏ သားသမီးများသည် တက္ကသိုလ်ဝင်တန်းအောင် အမှတ်စာရင်းမိတ္တူနှင့် ကျောင်းအုပ်ကြီး၏ ထောက်ခံစာမိတ္တူတို့ကို ပေးပို့၍ ဆက်သွယ်နိုင်ကြသည်။ ဆက်သွယ် လှူဒါန်းလိုသူများ ဒုတိယဗိုလ်မှူးကြီး ကျော်ရင်(ငြိမ်း) ဖုန်း-၆၁၁၁၀၂၊ ဦးစိန်ဝင်း ဖုန်း-၅၇၀၄၉၂၊ ဦးမောင်မောင် ဖုန်း-၂၉၆၂၆၈၊ ဦးထိန်လင်း ဖုန်း-၆၉၉၇၉၁ နှင့် ဦးကြည်မောင် ဖုန်း-၅၄၈၂၈၉ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

IBTC ဂေါက်သီးရိုက်ပြိုင်ပွဲ
ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိကကူညီပံ့ပိုးသော မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ ရန်ကုန် နောက်ဆုံးပွဲစဉ်အဖြစ် IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ်(ဒညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲ အပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ် (Srixon) က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၂ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ **(အပေါ်ပုံ)**

နိုင်နိုင်လင်း(Point Golf Shop) က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၄ ချက်ဖြင့် ဒုတိယ၊ မင်းနိုင်(Srixon)နှင့် အောင်ဝင်း(Srixon)တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၅ချက်စီဖြင့် တတိယ၊ လှမျိုး(Srixon) နှင့် မြင့်ရွှေ (Srixon)တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၇ ချက်စီဖြင့် စတုတ္ထလိုက်နေကြသည်။

ဦးဆောင်

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း(သစ်တော)က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၂ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

နေဗလဝင်းမြင့်က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၅ ချက်ဖြင့် ဒုတိယ၊ သိန်းအေးက နှစ်ရက်ပေါင်းရိုက်ချက် ၁၄၆ ချက် ဖြင့် တတိယနှင့် မောင်မောင်ဦးနှင့် ရန်မျိုးအေးတို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၅၀ စီဖြင့် စတုတ္ထ လိုက်နေကြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ့ဂေါက်သီးအကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co.,Ltd., က အဓိက ကူညီပံ့ပိုးပြီး Co-sponsors များအဖြစ် KBZ Bank, Air Bagan Ltd, Hotel Yangon, Ruby Dragon (Jade & Gems) Co.,Ltd., Srixon, MGW Construction Ltd., Myanmar Red Star International Co.,Ltd., KM Golf Center, Accel International Co.,Ltd.,(Canon), Alpine Purified Drinking Water, MY Associates Co.,Ltd., ကျားခေါင်း ဘီလပ်မြေစက်ရုံ၊ Life Line Co.,Ltd., (DHEA Plus) တို့က ထပ်မံပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများနှင့်မသက်ဆိုင်သောသူ ရုံတင်
ဟော့ရှော့ဟာသဇာတ်မြူးကား တစ်ကျော့ပြန်ရုံဝင်လာ

ကိုကြီးစိုး
(ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မင်းလူ၏ဝတ္ထုကို ဒါရိုက်တာညီညီထွန်းလွင်ရိုက်ကူးပြီး မျက်ခြယ်ရုပ်ရှင်နှင့်ဗီဒီယိုဖြန့်ချိရေးက တင်ဆက်သည့် အများနှင့်မသက်ဆိုင်သောသူ **ဇာတ်ကားသစ်မှာ လာမည့်သောကြာပတ်တွင် ရုံဝင်လာမည်ဖြစ်သည်။ အများနှင့်မသက်ဆိုင်သောသူ ဇာတ်ကားတွင် ရန်အောင်၊ ရဲအောင်၊ ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို၊ မိုးဒီနှင့် ကလေးသရုပ်ဆောင် ဟဲဗီးဖြိုးတို့ ပါဝင်ထားသည်။**

အော်စကာရှစ်ဆုရကားပြမည်

၂၀၀၈ခုနှစ်အတွက် အော်စကာရှစ်ဆုတိတိ တစ်ကားတည်းကရရှိပြီး ရွှေကမ္ဘာလုံးဆုလေးဆု၊ ဗြိတိသျှရုပ်ရှင်ထူးချွန်ဆု ခုနစ်ဆုရရှိထားသော Slum dog Millionaire ဇာတ်ကားသစ်ကြီး နေပြည်တော်ရုံတွင် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ဒိမ်ပတေး၊ အာရှိဖန်ခန်၊ အနေးလ်ကပူးရ်တို့ပါဝင်ထားပြီး သာမန်ဆင်းရဲသားလေးဘဝမှ သန်းကြွယ်သူဌေးတစ်ဦးဖြစ်အောင် ဘဝကိုရုန်းကန်ကြိုးစားသူ လူငယ်လေးတစ်ဦးအကြောင်း ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားကိုရိုက်ကူးသူ ဒါရိုက်တာဒင်နီဘွိုင်လီမှာ ၂၀၀၈ ခုနှစ်အတွက် အကောင်းဆုံး ဒါရိုက်တာအော်စကာဆု ဆွတ်ခူးရရှိသွားသည်။

နိုင်ငံခြားဇာတ်ကားများ

မင်္ဂလာရုံတွင် Transporter-3 ဇာတ်ကားတစ်ကျော့ပြန် ရုံဝင်လာပြီး ရှေ့ဆောင်ရုံတွင် Batman (The Dark knight) ပြန်လည်ပြသနေသည်။

ဟော့ရှော့ပြန်ရုံဝင်လာ

သမ္မတနှင့် သွင်ရုံတွင် **ဒီဝါကျွတ်အမီ ခယ်မအမြန်အစွံထုတ်ရန်ရှိသည်** နောက်ဆုံးပတ် ပြသလျက်ရှိသည်။ အကြည်တော်၏ဝတ္ထုကို ဒါရိုက်တာညီညီထွန်းလွင်ရိုက်ကူးသည့် **ဟော့ရှော့**ဇာတ်ကားမှာ ဆုထူးပန်ရုံတွင် တစ်ကျော့ပြန်လည် ရုံဝင်လာသည်။

Transporter-3 ဇာတ်ကားမှ မင်းသား ဂျေဆင်စတက်ဟမ်း။

ယင်းဇာတ်ကားတွင် ရန်အောင်၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ သူထူးစံ၊ မိုးအောင်ရင်၊ သက်မွန်မြင့်၊ သင်ဇာဝင့်ကျော်တို့ အဓိက ပါဝင်ထားသည်။

ငါးရာနှစ်ဆယ့်ရှစ်မျဉ်းပြိုင်

ဆွေမင်း(နေဖြူ)၏ တွတ်ပီဇာတ်လမ်းကို ဒါရိုက်တာ ထွန်းအောင်ဇော် ရိုက်ကူးထားသည့် **ငါးရာနှစ်ဆယ့်ရှစ်မျဉ်းပြိုင် အဆင့်မြင့်** မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေဗဟိုရ်၊ဘုရင့်နောင်၊ရောဝတီ၊ မြရတနာ၊ ရတနာပုံရုံများတွင် ဆက်လက် ပြသနေဆဲဖြစ်သည်။ ယင်းဇာတ်ကားတွင်မြိုင်ရာဇာတွတ်ပီအဖြစ်လူမင်း၊ မသေးမျှင်အဖြစ် ထွန်းအိန္ဒြာဗို၊ ဗိုက်ကလေး အဖြစ် ဖိုးချစ်၊ သူကြီးဦးဘစီအဖြစ် မိုးဒီတို့ အဓိကပါဝင်သရုပ်ဆောင်ထားသည်။

ငါးရာနှစ်ဆယ့်ရှစ်မျဉ်းပြိုင်ဇာတ်ကားမှ လူမင်း၊ ထွန်းအိန္ဒြာဗို။

တန်းမြင့်မြို့မရုံတွင်
အကယ်ဒမီငါးဆုရ ဇာတ်ကား

RajaHindustaniရုံဝင်လာသည်။ သူဌေးသမီးနှင့် အငှားယာဉ်မောင်းတို့ တွေ့ဆုံချစ်ကြိုက်မိရာက မိထွေးကြောင့် ရင်နင့်ကြေကွဲဖွယ်အဖြစ်နှင့် ကြုံရသော မိန်းကလေးတစ်ဦးအဖြစ် ခရစ္စမားကပူးရ်က အကောင်းဆုံးသရုပ်ဆောင်ထားသည်။ ဘုရင့်ရုံတွင် မင်းသားဆာလ်မန်းခန်၊ရာနီးမူကာဂျီ၊ပရီးတီးဇင်းတားတို့ ပါဝင်ထားသော Har Dil To Pyar Karesa ဇာတ်ကားရုံဝင်လာသည်။ ။**(မြန်မာ့အလင်း)**

တွံတေးမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီးဦးစိုးသာ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၁ရက်က ရန်ကုန်တိုင်း တွံတေးမြို့နယ်ရှိ ကျိုက်သလဲ၊ ဘုရားကြီး၊ ပေါက်တော၊ စမ်းရွာ၊ ကံဘဲ့နှင့် အရိုးတောင်ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကျေးရွာအလိုက် အကောင်အထည်ဖော်နေမှု အခြေအနေများနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

ထို့နောက် ဝန်ကြီးက အမှာစကား ပြောကြားပြီး ကျေးရွာအုပ်စုများအတွင်းရှိ အခြေခံပညာကျောင်းများအတွက် စာသင်ခုံများ၊ ဘုရားကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအတွက် ကွန်ပျူတာနှစ်စုံ၊ ဇောတိကျေးရွာ ကျေးလက်ဆေးပေးခန်းအတွက် မီးစက်တစ်လုံးနှင့်စာကြည့်တိုက်များ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း၊ ဘုရားကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ပြုပြင်ရန်နှင့် သားဖွားခန်း တိုးချဲ့ဆောက်လုပ်ခြင်း လုပ်ငန်း၊ စာသင်ဆောင်များ ထပ်မံတိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေကျော်စု ကျေးရွာနှင့် တွံတေးလမ်းမကြီး ဆက်သွယ်သည့် တံတားပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် အများသုံး တယ်လီဖုန်းများ တပ်ဆင်ခြင်းလုပ်ငန်းများအတွက် လိုအပ်ချက်များကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကွန်ပျူတာထောက်ပံ့

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်ပါဒကျေးရွာအုပ်စုအတွင်းရှိ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး ခလုပ်ကျေးရွာ၌ဖွင့်လှစ်ထားသောကွန်ပျူတာသင်တန်းအတွက် ကွန်ပျူတာ ၁၀စုံ၊ တန်းလျားလေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အတွက် ကွန်ပျူတာသုံးစုံနှင့် ရန်ကြီးအောင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအတွက် ကွန်ပျူတာ နှစ်စုံတို့ကို ထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တွံတေးမြို့ အိုးဖို(မင်းပိုင်း)ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းဆောင် ပြန်လည်တည်ဆောက်မည့်နေရာနှင့် ယာယီစာသင်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

သွားရောက်

ဝန်ကြီးဦးစိုးသာနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၂ရက်တွင် တွံတေးမြို့နယ် မယ်ပြေကျေးရွာသို့ သွားရောက်၍ ဂယက်လမီး၊ ရွှေလှေချောင်၊ ကရင်ချောင်း၊ အလယ်ကျောင်း၊ အတွင်းရေကျော်၊ တွံတေး၀၊ ကျောင်းစုနှင့် ကဘင်ကြီး ကျေးရွာအုပ်စုများမှ ပြည်သူများနှင့် တွေ့ဆုံကြသည်။

ရှေးဦးစွာ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက မိမိတို့ ကျေးရွာများအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအစီအမံများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ဝန်ကြီးဦးစိုးသာတို့က အမှာစကား ပြောကြားကြပြီး အခြေခံပညာကျောင်းများအတွက် စာရေးခုံများနှင့် အလယ်ချောင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအတွက် ကွန်ပျူတာ၊ ဂယက်လမီးကျေးရွာအုပ်စုနှင့် အလယ်ချောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအတွင်း ရွာချင်းဆက်သွယ်ထားသည့် လမ်းများနှင့် ရွာပတ်လမ်းများ ပြုပြင်ရန်အတွက် လိုအပ်ချက်များကို ပံ့ပိုး ဖြည့်ဆည်းပေးကြကာ ကျုံလမုကျေးရွာတွင် သောက်သုံးရေရရှိရန်အတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ရွှေလှေချောင်(တွံ) ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ အများသုံးတယ်လီဖုန်း တပ်ဆင်ခြင်းလုပ်ငန်းတို့အတွက်လိုအပ်ချက်များကို စီမံဆောင်ရွက်ပေးကြသည်။

ထို့နောက် ဝန်ကြီးဦးစိုးသာနှင့် ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့သည် မယ်ပြေကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပသည့် ရေလုပ်ငန်းသုံးပစ္စည်း ငါးဖမ်းပိုက်များပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ဝန်ကြီး ဦးစိုးသာနှင့် ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့က အမှာစကား ပြောကြားကာ ဝန်ကြီးများနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုများမှ ရေလုပ်သားများအတွက် ရေလုပ်ငန်းသုံးပစ္စည်း ငါးဖမ်းပိုက်များကို ပေးအပ်ကြသည်။**(အောက်ပုံ)**

ယင်းနောက်ဝန်ကြီးများသည် တွံတေးမြို့ ချမ်းမြေ့ရတနာခန်းမ၌ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့က ဖွင့်လှစ်သည့်ငါးမွေးမြူရေးဆိုင်ရာ စစ်တမ်းကောက်ယူရေးစီမံချက် သင်တန်းသို့ သွားရောက်ကြည့်ရှု အားပေးကြသည်။

ဝန်ကြီးဦးစိုးသာသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၃ရက်က တွံတေးမြို့နယ်ရှိ ခရမ်း၀၊ ခရမ်းကြီး၊ ခရမ်းဖျား၊ တက်သစ်၊ မဝန်းကျေးရွာ အုပ်စုများမှ ပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက မိမိတို့ကျေးရွာများအတွင်း ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြ၍ ဝန်ကြီးက အမှာစကား ပြောကြားပြီး ကင်းရွာအဝင်ချောင်းကူးတံတား ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း၊ နွေစပါးစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ရေချိုရရှိရန် အရှည် ၂မိုင် ၂ဖာလုံရှိ ခရမ်း၀ တူးမြောင်းတူးဖော်ခြင်းလုပ်ငန်း၊ ကျေးရွာချင်းဆက် ရန်ကုန်-တွံတေးကားလမ်းနှင့် ဆက်သွယ်သည့် ခတ္တိယ-ပဒါန်ရေကျော်မြောင်းဖြစ်၊ လမ်းဖြစ်ဖောက်လုပ်ခြင်း လုပ်ငန်း၊ စာသင်ကျောင်းများနှင့်ကျေးလက်စာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ကင်းရွာ၊ ခရမ်းဖျားကျေးရွာ၊ ကံရွာ၊ ခနောင်၊ ထိန်တပင်ကျေးရွာနှင့် ကြည်ဆိပ်ကျေးရွာများတွင် ရွာပတ်လမ်းလုပ်ငန်း၊ တယ်လီဖုန်းများ၊ သောက်သုံးရေရရှိရေးအတွက် သောက်ရေကန်၊ ဇီဝဓာတ်ငွေ့သုံး ကျေးလက် လျှပ်စစ်မီးလင်းရေး တစ်ပိုင်တစ်နိုင်ဆောင်ရွက်ရန် လုပ်ငန်းများအတွက် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်၌ LUCKY BIRD Showroom ဆိုင်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

LUCKY BIRD Trading Co.,Ltd. ၏ LUCKY BIRD Showroom (နေပြည်တော်)နှင့် TOSHIBA Notebook, Projector & Copier များ၏ Authorized Sales & Service Centre(နေပြည်တော်)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၄ရက် နံနက်၈နာရီက နေပြည်တော် သပြေကုန်းဈေးအနီးရှိ LUCKY BIRD Showroom ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ TOSHIBA SINGAPORE PTE LTD, Electronic Imaging Department မှ Country Manager, Ms. Kathy Li က TOSHIBA Multifunction သုံး Copier များကို ရုံးလုပ်ငန်းများတွင် Notebook, Projector များဖြင့် တွဲဖက်သုံးစွဲပုံကို လက်တွေ့ သရုပ်ပြ ရှင်းလင်းသည်။

အသုံးပြု

နောက်ဆုံးပေါ် နည်းပညာဖြင့် Multifunction သုံး TOSHIBA Copier များသည် မိတ္တူကူးခြင်း၊ Printer ထုတ်ခြင်း၊ Scanner ကူးခြင်းများကို Copier တစ်ခုတည်းတွင် အသုံးပြုနိုင်ပြီး Network များဖြင့် ချိတ်ဆက်၍ ရုံးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာနအလိုက် Password ဖြင့် မှတ်သားကာ လိုအပ်သော စာရွက်အရေအတွက်အတိုင်း Harddisk ထဲ၌ သိမ်းပြီး အသုံးပြုနိုင်ကြောင်း သိရှိရသည်။

TOSHIBA Multifunction သုံး Copier များကို မြန်မာပြည်၏ ကိုယ်စားလှယ်ဖြစ်သော LUCKY BIRD Trading Co.,Ltd. နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များရှိ LUCKY BIRD Showroom တည်ရှိရာ နေရာများတွင် ဝယ်ယူရရှိနိုင်ပြီး TOSHIBA မှ ကောင်းမွန်စွာ Well Train ကျွမ်းကျင်ဝန်ထမ်းများက Service Support ပေးရန် အသင့်ရှိကြောင်း သိရသည်။

ဆက်သွယ်နိုင်

LUCKY BIRD Showroom (နေပြည်တော်)နှင့် TOSHIBA Authorized Sales & Service Centre (နေပြည်တော်)ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အထူးအစီအစဉ်အဖြစ် Notebook, Projector, Copier များ ဝယ်ယူသူများအား Printer တစ်လုံး လက်ဆောင်ပေးပြီး ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို Up to Half Price Sales ဖြင့် ရောင်းချပေးနေကြောင်းနှင့် ဝယ်ယူလိုသူများအနေဖြင့် LUCKY BIRD Showroom များ တည်ရှိရာ အနောက်မြောက်အဝိုင်း သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၁၃၊ အမှတ်(၃၅၅) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန် ဖုန်း-၂၄၈၁၆၇၊ ၃၇၉၈၇၅၊ အမှတ်(၅) ၂၆လမ်း ၇၈လမ်းနှင့် ၇၉လမ်းကြား မန္တလေး ဖုန်း-၂၁၅၇၀၊ ၀၉-၈၀-၂၂၀၂၅ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ပြည်ထောင်စုနေ့ အခမ်းအနား ဟသ်ာတ၌ ကျင်းပ

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီက ဟသ်ာတမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဟသ်ာတခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်(၂၁)ရပ်ကွက်မှပြည်သူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို ခရိုင်ဥက္ကဋ္ဌ ဦးကြည်တင်က ဖတ်ကြားသည်။ (၁၇၇)

ကျောင်းဆောင်သစ်ပေးအပ်ပွဲ စစ်ကိုင်း၌ ကျင်းပ

စစ်ကိုင်းမြို့ တလိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဖေဖော်ဝါရီ ၇ရက် မွန်းလွဲ၁နာရီက ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ အလှူရှင် ကနေဒါနိုင်ငံမှ မစ္စတာဂျွန်နှင့်ဇနီး၊ ကျေးရွာဥက္ကဋ္ဌဦးကျော်မောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ၁၄၀×အနံပေ၃၀၊ အမြင့်၂၃ပေရှိ နှစ်ထပ်သွပ်မိုး အုတ်ကာဖြစ်ပြီး ငွေကျပ်သိန်း၁၅၀ဖြင့် အကုန်အကျခံ ဆောက်လုပ်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက် ရေရှည်တည်တံ့ရေး မြို့သစ်၌ဆောင်ရွက်

တမူးခရိုင် မြို့သစ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမင်းအောင်နှင့် စာထောက်(၃) ဦးအောင်ကိုဝင်းတို့သည် ဇန်နဝါရီ ၁၈ရက်က တုန်းကျော် ကျေးရွာအုပ်စုအတွင်းရှိ တုန်းကျော်၊ ဖိုင်ရန်၊ ရွာသာ၊ မွေလင်းကျေးရွာများသို့ ကွင်းဆင်းပြီး ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာအုပ်စာစောင် တိုးပွားရေးတို့ကို စည်းရုံးဆောင်ရွက်ကြသည်။ (၀၃၁)

ပြင်ဦးလွင်မြို့ အမက(၂၁) ပညာရည်ချွန်ဆုချီးမြှင့်

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အမှတ်(၂၁) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၅ရက်က အဆိုပါ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးမြဝင်းမောင်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်မြင့်က ပညာရေးနှင့် သက်ဆိုင်သော လုပ်ငန်းများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ဆုရကျောင်းသားများအား ဆုချီးမြှင့်ပေးသည်။ (၀၈၈)

ရမည်းသင်း၌ ဆက်သွယ်ရေးဖုန်းများ ချထားပေးမည်

ရမည်းသင်းမြို့နယ်တွင် မြို့ပေါ်နှင့် ကျေးလက်ဒေသများ၌ နေထိုင်ကြသည့် ပြည်သူများ ပြည်တွင်းပြည်ပဆက်သွယ်ရေးများ လွယ်ကူလျင်မြန် ချောမွေ့စေရေးအတွက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဂျီအက်စ်အမ်မိုဘိုင်းလ်ဖုန်းများအတွက် ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဖုန်းစိစစ်ရွေးချယ်ရေးကော်မတီက လျှောက်လွှာများ ခေါ်ယူခဲ့ရာ မတ်လဆန်းတွင် ဖုန်းများ ဖြန့်ဝေချထားပေးမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၉)**

မုတ္တမ၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

၂၀၀၉ခုနှစ် ဒုတိယအကြိမ် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးခြင်းကို ပေါင်မြို့နယ် မုတ္တမမြင်းတပ်ရပ်၌ ဖေဖော်ဝါရီ ၇ရက် နံနက် ၇နာရီက ကျန်းမာရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်ပြီး ငါးနှစ်အောက်ကလေးများအား ကာကွယ်ဆေးတိုက်ကျွေးပေး၍ မိခင်များအား ပညာပေးစာစောင်ဖြန့်ဝေခဲ့သည်။ (၀၁၃)

မင်းကင်း၌ကြက်ငှက်တုပ်ကွေးကြိုတင်ကာကွယ်

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်ရာ စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ်တွင် ဖေဖော်ဝါရီ ၉ရက် နံနက် ၈နာရီက မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဦးမြဦး၊ ဦးခင်မောင်စမ်းနှင့် ဦးမောင်မြင့်တို့၏ ကြက်ခြံများသို့ သွားရောက်၍ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး ပညာပေးဟောပြောသည်။ **(၀၃၃)**

ဟုမ္မလင်း၌ အကြိုမီးသတ်သင်တန်းဆင်း

ဟုမ္မလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သော အကြိုမီးသတ်သင်တန်း (၃/၂၀၀၉)ဆင်းပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၁၁နာရီက အော်တော်မင်းပွဲကျေးရွာအုပ်စု အော်တော်ကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌက အရန်မီးသတ်တပ်ဖွဲ့အား ရန်ပုံငွေကျပ်သုံးသောင်းကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။ *(ခရိုင် ပြန်/ဆက်)*

ဝမ်းတွင်းမြို့နယ်စည်ပင် (၁၉) လမ်းကတ္တရာခင်း

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော အမှတ်(၁၉)လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီဂီအေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၃ ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တွံတေးမြို့နယ် မယ်ပြေကျေးရွာတွင် ရေလုပ်ငန်းသုံးပစ္စည်း ငါးဖမ်းပိုက်များပေးအပ်

ဇီဝဓာတ်ငွေ့သုံး ကျေးလက်မီးလင်းရေး တစ်ပိုင်တစ်နိုင်ဆောင်ရွက်ရန် ပံ့ပိုးဖြည့်ဆည်းပေး

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ရသေ့တောင်မြို့နယ် ဒေသခံပြည်သူများအားတွေ့ဆုံ

စိုက်ပျိုးရေး သောက်သုံးရေရရှိရေးအတွက် ဆည်မြောင်း၊ တာတမံများတည်ဆောက်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရသေ့တောင်မြို့နယ် မေယုခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ကြိုးပမ်းဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ်၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အခန်းကဏ္ဍများကို တိုးတက်ကောင်းမွန်အောင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လျှပ်စစ်မီးရရှိရေးအတွက် စိုင်တင်ရေအားလျှပ်စစ်စီမံကိန်း၊ သူဌေးချောင်းစီမံကိန်း၊ အမ်းချောင်းစီမံကိန်းများ တည်ဆောက်ပေးလျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအတွက် ရန်ကုန်-စစ်တွေကားလမ်း အပါအဝင် ဖောက်လုပ်ပြီးသောလမ်းများ အဆင့်မြှင့်ကတ္တရာခင်းလမ်းအဖြစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးသောက်သုံးရေ ရရှိရေးအတွက်လည်း ဆည်မြောင်း၊ တာတမံများ တည်ဆောက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် တည်ဆောက်ပေးထားသော အခြေခံကောင်းများအပေါ်အခြေပြုပြီး မိမိတို့၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးက အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ရသေ့တောင်မြို့နယ် ဒေသခံပြည်သူများအတွက် အဝတ်အထည်များ၊ အစားအသောက်များ၊ အခြေခံပညာ မူလတန်းကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်များနှင့် အလှူငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းကြပြီး တက်ရောက်လာသော ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မေယုခန်းမ၌ မြို့နယ်အတွင်းရှိ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။ (လယ်/ဆည်)

မော်လမြိုင်အလုပ်သမားဘောလုံးအသင်းနှင့် မော်လမြိုင်တက္ကသိုလ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မွန်ပြည်နယ် အားကစားနှင့်ကာယပညာကော်မတီကကြီးမှူး၍ ဝါရင့်လက်ရွေးစင် ဘောလုံးသမားဟောင်းများပါဝင်သည့် မော်လမြိုင်အလုပ်သမား ဘောလုံးအသင်းနှင့် တက္ကသိုလ်ပွဲစဉ်များအလိုက် လက်ရွေးစင်ဘောလုံးသမားဟောင်းများပါဝင်သည့် မော်လမြိုင်တက္ကသိုလ် ဘောလုံးအသင်းတို့သည် မတ် ၁ ရက် ညနေ ၄ နာရီတွင် မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၆)ဗိုလ်တထောင် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အထက(၆) ဗိုလ်တထောင်(စိန့်ပေါလ်)တွင် ၁၉၆၅ မှ ၁၉၈၀ အထိ သုံးနှစ်ဆက်တိုက်ပညာသင်ကြားပေးခဲ့သော မြတ်ဆရာများ၊ ၁၉၈၁ မှ ၂၀၀၈အထိ သက်ပြည့်အငြိမ်းစား ဆရာ ဆရာမများအား ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ်၂ရက်(တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဆရာကန်တော့ပွဲ အထိမ်းအမှတ် မိတ်ဆုံစားပွဲကိုလည်း ယင်းနေ့ညနေ ၆နာရီတွင် ဗဟန်းမြို့နယ် အားစားကွင်းအတွင်းရှိ M.3 Food Centre ၌ ကျင်းပရန် စီစဉ်ထားသည်။

လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲသို့ အပူဇော်ခံ ဆရာဆရာမများနှင့် ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အာစရိယပူဇော်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသူများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးသိန်းဆွေ ဖုန်း-၀၉-၅၁-၉၃၄၃၄၊ ဦးကျော်ဦးမြင့် ဖုန်း-၅၁၄၉၅၄၊ ဦးတော်မီတင်ဦး ဖုန်း-၀၉-၅၁-၁၄၇၃၀၊ ဦးမြင့်ထွန်း ဖုန်း-၂၄၉၃၅၉၊ ဦးဝင်းလှိုင်ညွန့် ဖုန်း-၂၄၆၃၁၃၊ ဦးသက်ချိုဦး ဖုန်း-၂၄၆၄၇၀၊ ဦးမျိုးသန့် ဖုန်း-၅၇၃၅၈၅၊ လိုင်းခွဲ ၂၈၆သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံ၌ကျင်းပသည့် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ လှူဒါန်းသော ဆေးရုံဓာတ်မှန်အဆောက်အအုံ ပန္နက်တင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံဓာတ်မှန်အဆောက်အအုံ ပန္နက်တင်ပွဲသို့ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံ၌ကျင်းပသော ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှလှူဒါန်းသော ဆေးရုံဓာတ်မှန်အဆောက်အအုံ ပန္နက်တင်အခမ်းအနားသို့ တက်ရောက်သည်။

ပြောကြား

ရှေးဦးစွာ ဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏ လှူဒါန်းမှုနှင့်စပ်လျဉ်း၍ မြို့နယ်ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းကိုယ်စား Daewoo International Corporation (Myanmar E&P) မှ Executive Vice President & MD Dr Su-Peong Yang က ဓာတ်မှန်အဆောက်အအုံ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပန္နက်တင်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာအချိန်ကျရောက်သည်နှင့် ဓာတ်မှန်အဆောက်အအုံဆောက်လုပ်မည့် သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြပြီး အမွှေးနံ့သာပက်ဖျန်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်သူလယ်သမားနေ့တွင် လော်ကားဥယျာဉ်ကို ညနေ၅နာရီအထိ ဖွင့်လှစ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သစ်တော ဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားသော်လည်း မတ်၂ရက် တနင်္လာနေ့(တောင်သူလယ်သမားနေ့)တွင် ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုင်းဖြတ်မြို့နယ် နမ့်လောက်-ပါလောင်း ကျေးရွာချင်းဆက် မြေသားလမ်းသစ်ဖွင့်

မိုင်းဖြတ် ဖေဖော်ဝါရီ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် နမ့်လောက်-ပါလောင်းကျေးရွာချင်းဆက် မြေသားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက် ၁၀နာရီက အဆိုပါ မုန်ဦး၌ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စိုးဝင်းနှင့် ဦးစီးအရာရှိကြီးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးလင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ခရိုင်၊မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များတက်ရောက်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုက လမ်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အထိမ်းအမှတ်အလံများကို ပေးအပ်ပြီး လမ်းသစ်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် မွန်ကာကျောင်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးယားပေါတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ဆောင်ရွက်

အဆိုပါလမ်းမှာ အရှည်ပေ ၉၈၀၀၊ အကျယ် ၁၈ပေရှိပြီး မြို့နယ်စည်ပင်သာယာရေး ရန်ပုံငွေကျပ် ၁၃သိန်း၊ ပြည်သူများမှ ထည့်ဝင်လုပ်အားခတန်ဖိုးငွေကျပ် ၅၇သိန်း စုစုပေါင်းကျပ်သိန်း၇၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်-စစ်တွေ ကားလမ်းအပါအဝင် ဖောက်လုပ်ပြီးလမ်းများ အဆင့်မြှင့်ကတ္တရာလမ်းခင်းနေ

ကော့မှူးပြည်သူ့ဆေးရုံ၌ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ လှူဒါန်းသော ဓာတ်မှန်အဆောက်အအုံပန္နက်တင်

28-2 (07).pmd 1 2/28/2009, 12:50 AM

ရွာတိုင်း၊ မြို့တိုင်း၊ တိုင်းနှင့် ပြည်နယ်တိုင်းသည် ပြည်ထောင်စုအငယ်လေးများသဖွယ် ဖြစ်တည်လျက်ရှိ

ပြည်ထောင်စုစိတ်ဓာတ်သည်သာ ပြည်ထောင်စုကြီး၏ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်

ယနေ့ကမ္ဘာတွင်တိုင်းပြည်ပြိုကွဲသဖြင့် အနိဋ္ဌာရုံများ ခံစားနေကြရသည့် ပြည်သူများ၏ ဘဝကို သင်ခန်းစာယူ

ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဒီမိုကရေစီဖော်ဆောင်မှု အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းကြ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ငလပွေ့ကျေးရွာစာကြည့်တိုက် ပန္နက်စိုက်ထူပွဲကို ဖေဖော်ဝါရီ ၂၄ရက် နံနက် ၈နာရီတွင် အဆိုပါကျေးရွာ၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် မြို့မိမြို့ဖများတက်ရောက်ကြသည်။

ပန္နက်များစိုက်ထူ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်တို့က သတ်မှတ်နေရာအသီးသီးတို့တွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်များကို စိုက်ထူ၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ တောင်ရင်း၊ စိုင်ခြုံ၊ ငလပွေ့၊ ကပ်သပြေ၊ ကုလားဘာတောင်၊ ကသစ်တောရွာ၊ စေတီယျှရွာ၊ အုန်းတောရွာ ရှစ်ရွာတို့မှ ဒေသခံပြည်သူ ၁၆၀၀ကျော်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားကြသည်။

မျိုးချစ်စိတ်

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ဒေသခံပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် စိတ်အားထက်သန်စွာတင်ပြကြသဖြင့် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ ဒေသခံပြည်သူများ၏ ဆန္ဒနှင့် လိုလားချက်များသည် ယနေ့နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းစဉ်များနှင့် တစ်သဘောတည်း ထပ်တူဖြစ်နေကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်ပြည်သူတို့၏ တူညီသော အတွေး၊ တူညီသောရည်ရွယ်ချက်များဖြင့် ပူးပေါင်းဆောင်ရွက်လျက် အောင်မြင်မှုကို ရရှိမည်မှာ ဧကန်ဖြစ်ကြောင်း၊ မိမိဒေသ၊ မိမိတိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေလိုသည့်စိတ်သည် မျိုးချစ်စိတ်ပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများ အနေဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို ထာဝစဉ်ရှင်သန် ဖွံ့ဖြိုးအောင် ထားရှိမွေးမြူသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က ကျောက်ဖြူဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ ကျေးလက် လမ်းပန်းဆက်သွယ်ရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျေးရွာများသို့ ကွင်းဆင်းထိတွေ့ပြီး ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်မှုများအပေါ် ထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော်သွားကြရန်နှင့် ဒေသခံတာဝန်ရှိသူများကလည်း စနစ်တကျကြပ်မတ်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်သောင်းအေးက ငလပွေ့ကျေးရွာ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရမ်းဗြဲမြို့နယ် လက်ပန်အဝကျေးရွာ စာကြည့်တိုက်ပန္နက်စိုက်ထူပေးစဉ်။ (သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က ငလပွေ့ကျေးရွာ အခြေခံ ပညာမူလတန်းကျောင်းပြုပြင်ရန်အတွက် ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော ငလပွေ့ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၃၀ကို လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုဝင်များဖြစ်ကြသော တောင်ရင်း၊ ကုလားဘာတောင်၊ ကပ်သပြေ၊ စိုင်ခြုံ ကျေးရွာအုပ်စုတစ်အုပ်စုလျှင် ငွေကျပ် ငါးသိန်းစီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် တက်ရောက်လာကြသော ဒေသခံပြည်သူများအား တိုင်းမှူးနှင့်ဝန်ကြီးတို့က ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးသည် ရမ်းဗြဲမြို့နယ် လက်ပန်အဝ ကျေးရွာ၌ ကျင်းပသော လက်ပန်အဝကျေးရွာစာကြည့်တိုက်ပန္နက်စိုက်ထူပွဲသို့ တက်ရောက်သည်။

ပက်ဖျန်း

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ညဝတီ ရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမင်းဇော်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ကျော်စိုးတို့က သတ်မှတ်နေရာအသီးသီးတို့တွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်များကို စိုက်ထူ၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးသည် ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲသို့တက်ရောက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ လက်ပန်အဝ၊ လက်ပန်အညာ၊ ချောင်းနယ်၊ ပြင်ရှည်၊ အဝတောင်၊ မရွတ်ချိန်၊ ရမ်းသစ်ချေ၊ ဖက်ကြပ်၊ ရမ်းသစ်ကြီး၊ စစ်ပြားကျေးရွာ ၁၀ရွာတို့မှ ဒေသခံပြည်သူ ၁၂၀၀တို့ တက်ရောက်သည်။

ညှိနှိုင်းဆောင်ရွက်

တွေ့ဆုံပွဲတွင် ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော လက်ပန်အဝ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ငွေကျပ် သိန်း ၃၀ကို လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လက်ပန်အဝ ကျေးရွာအုပ်စု၊ မရွတ်ချိန်ကျေးရွာအုပ်စု၊ ရမ်းသစ်ချေကျေးရွာအုပ်စု၊ ရမ်းသစ်ကြီး ကျေးရွာအုပ်စု လေးအုပ်စုတို့အတွက် ကျေးရွာအုပ်စု တစ်အုပ်စုလျှင် ငွေကျပ် ငါးသိန်းစီဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၂၀ကို လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကိုလည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လက်ပန်အဝကျေးရွာ စာကြည့်တိုက် ပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက် ငွေကျပ် ငါးသိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တိုးချဲ့တပ်ဆင်

တွေ့ဆုံပွဲများတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာနကလည်း ပြည်သူများအတွက် ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုတွင် စက်ရုံအသစ် တည်ဆောက်ခြင်း၊ လွှင့်အားမြှင့်စက်များ တိုးချဲ့တပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် သုတ၊ ရသ၊ ရုပ်မြင်သံကြားလိုင်းများစွာကို ဒေသခံပြည်သူများက စိတ်ကြိုက်ရွေးချယ်ကြည့်ရှုနိုင်ရန်လည်း ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလတွင် အပြီး အကောင်အထည်ပေါ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်း သတင်းနှင့် ဖျော်ဖြေရေးကို အပြည့်အဝဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့် FM ရေဒီယိုစနစ်ကိုလည်း အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ တိုင်းရင်းသားအားလုံး၏ ဗီဇ ကိုယ်ရည်ကိုယ်သွေးသည် မည့်ကြောင်း၊ အခြားသော လူမျိုးများနှင့် ယှဉ်နိုင်ကြောင်း၊ သို့သော် ယင်းကိုယ်ရည်ကိုယ်သွေး အစွမ်းကုန် ပွင့်ထွန်းလာအောင် အစာကျွေးရမည်ဖြစ်ကြောင်း၊ ထိုအစာမှာ စာဖတ်ခြင်းပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအခါ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ပေးနေခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် စာပေဗဟုသုတများ အစဉ်ဖတ်မှတ် လေ့လာရင်း မိမိတို့၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကျောက်ဖြူမြို့နယ် ငလပွေ့ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စည်းလုံးမှု

မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းက အေးအတူပူအမျှ အတူအကွ ရောယှက်နေထိုင် လာခဲ့ကြရာ ယခုအခါ တိုင်းရင်းသား အချင်းချင်း မိသားစုများအဖြစ် ယှက်နွှယ် ဖွဲ့စည်းမှုများ အများအပြား ဖြစ်တည်လာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့်လည်း သွေးသားတော်စပ်မှု၊ နားလည်မှု၊ စည်းလုံးမှုဟူသည့် သံယောဇဉ်ကြိုးများ လွှန်းတင်ကာ ရွာတိုင်း၊ မြို့တိုင်း၊ တိုင်းနှင့်ပြည်နယ်တိုင်းသည် ပြည်ထောင်စုအငယ်လေးများသဖွယ် ဖြစ်တည်လျက်ရှိနေပြီ ဖြစ်ကြောင်း။

ထို့ကြောင့်လည်း မိမိတို့ တိုင်းရင်းသားအားလုံးအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဟူသည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ကို မွေးမြူမြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ ထိုပြည်ထောင်စုစိတ်ဓာတ်သည်သာ ပြည်ထောင်စုကြီး၏ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို ပေးစွမ်းနိုင်ကြောင်း၊ မပြိုကွဲအောင် ထိန်းသိမ်းနိုင်ကြောင်း၊ တိုင်းပြည်ပြိုကွဲသဖြင့် အနိဋ္ဌာရုံများ ပင်လယ်ဝေခံစားနေကြရသည့် ပြည်သူများ၏ ဘဝအခြေအနေကို ယနေ့ကမ္ဘာတွင် အများအပြား တွေ့မြင်နိုင်ကြောင်း၊ သို့ပါ၍ မိမိတို့တိုင်းရင်းသားများ အနေဖြင့် ထိုအနိဋ္ဌာရုံ သာဓကများကို သင်ခန်းစာယူပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ ထာဝစဉ် တည်တံ့ခိုင်မြဲအောင်၊ ဒီမိုကရေစီ ဖော်ဆောင်မှု အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းသွားရမည်ဖြစ်ကြောင်း။

အစဉ်ရပ်တည်

ပြည်သူများအနေဖြင့် အမျိုးသားအကျိုးစီးပွားဘက်က အစဉ်ရပ်တည်ရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုလုပ်ငန်းများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

မြောင်းမြမြို့နယ် လက်ပံကျေးရွာ၌ လက်နှိပ်တုံကင် တူးဖော်

မြောင်းမြ ဖေဖော်ဝါရီ ၂၇

၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် လက်ပန်ကျေးရွာ လက်နှိပ်တုံကင်တွင်း တူးဖော်ပြီးစီးမှု အခြေအနေကို မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသန်းဝင်း (ဒုတိယ ညွှန်ကြားရေးမှူး)နှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်တို့ ကြည့်ရှုစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးယဉ်မင်းဦးက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၇) ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၆နာရီတွင် နေပြည်တော်၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေးအကဲဖြတ်အဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ပါဝင်ယှဉ်ပြိုင်

ယင်းပြိုင်ပွဲတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းတပ်ခွဲ(၂)၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းတပ်ခွဲ(၂)၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းနှင့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

စစ်ချီသီချင်းများ

ထိုသို့ယှဉ်ပြိုင်ရာတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)က မြန်မာ့အာဇာနည်၊ ပြည်သူ့သားစစ်သည်၊ ရဲသွေးရဲမာန်၊ ဒို့စစ်သည်စစ်ချီ သီချင်းများဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)က ဒို့စစ်သည်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ ရဲသွေးရဲမာန်၊ တပ်မတော်စံပြ ဒို့တပ်မတော် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက အောင်ပွဲရတဲ့ဒို့စစ်သည်၊ တပ်မတော်၊ စံပြဒို့တပ်မတော် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့တပ်မတော်၊ ထာဝစဉ်နှုပျိုနေတဲ့ တပ်မတော်၊ တူယှဉ်ကာတိုက်စို့၊ ကျန်ရှိနေသေးသော တာဝန်တစ်ရပ် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့တပ်မတော်စစ်ချီ သီချင်းဖြင့်လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ဖန်နေဝန်း၊ တူယှဉ်ကာတိုက်စို့၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီသီချင်းများဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ကျော့ဖုံးမှ

ယခုကဲ့သို့ အခြေအနေ၊ အချိန်အခါမျိုးတွင် ဘဏ္ဍာငွေကြေး၊ လူအင်အား၊ စက်ယန္တရားအင်အား၊ နည်းပညာစွမ်းအား များစွာစိုက်ထုတ်ရင်းနှီးဆောင်ရွက်ရသည့် မြစ်ကူး၊ ချောင်းကူး တံတားကြီးများနှင့်တကွ လမ်းမကြီးအသွယ်သွယ်ကို နိုင်ငံတော်အစိုးရအနေဖြင့် တည်ဆောက်ဖောက်လုပ်ပေးနေခြင်းသည် သာမန်စေတနာမျိုး၊ သာမန်အားထုတ်မှုများ မဟုတ်ကြောင်း ဒေသခံပြည်သူများ သိမြင်နားလည် သဘောပေါက်ကြရပေမည်။

အရေးပါ

တွံတေးတူးမြောင်းကို ဖြတ်သန်းပြီး တည်ဆောက်ခဲ့သည့် တွံတေးတံတားကြီးသည် ဒလ-တွံတေး-လှိုင်သာယာလမ်းမကြီး၏ အဓိကအကျဆုံးနှင့် အရေးပါဆုံးအစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ရန်ကုန်မြို့မှ ရေကြောင်းလမ်းကူးတို့ဖြင့် ကူးသန်းသွားလာနေခဲ့ရသည့် ဒလ-တွံတေး-ကွမ်းခြံကုန်းမြို့နယ်များကို လှိုင်သာယာလမ်းကတစ်ဆင့် ရန်ကုန်မြို့နှင့် ပထမဦးဆုံးအကြိမ်အဖြစ် မော်တော်ကားလမ်းဆက်စပ်မိစေသည့် တံတားကြီးဖြစ်သည်။ ရန်ကုန်မြို့နှင့် နီးကပ်လှသော်လည်း လှိုင်မြစ်ကြီး ခြားနေခြင်းကြောင့် အနေဝေးခဲ့ရသည့် ဒလ-တွံတေး-ကွမ်းခြံကုန်းမြို့နယ်များနှင့်တကွ လှိုင်မြစ်တစ်ဖက်ကမ်းက ကျေးရွာများအားလုံးကို ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည့် လှိုင်သာယာစက်မှုမြို့နယ်နှင့် ဆက်စပ်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ပေးခဲ့သည်မှာ နိုင်ငံတော်အစိုးရ၏ မွန်မြတ်သောစေတနာဟု ဆိုရပေမည်။

ခေတ်တစ်ခေတ်

ခေတ်အဆက်ဆက်တွင် ဘိုးစဉ်ဘောင်ဆက် ရေလမ်းခရီးနှင့် ကူးတို့များကိုသာ အဓိကအားကိုးပြီး ခက်ခဲပင်ပန်းကြီးစွာ သွားလာခဲ့ကြရသည့် ဧရာဝတီတိုင်းအတွင်းက မြို့နယ်များအပြင် ယခုဆိုလျှင် ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များပါ မြစ်ကူး ချောင်းတံတားကြီးများနှင့် လမ်းမကြီးများ၏ အကျိုးကျေးဇူးကြောင့် နောင်သားစဉ်မြေးဆက်တိုင် ကုန်းလမ်းခရီးဖြင့် လွယ်ကူစွာ ဆက်ဆံသွားလာနိုင်နေပြီဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ခေတ်သစ်တစ်ခေတ်ကို ပြောင်းလဲပေးလိုက်ခြင်းပင်ဖြစ်သည်။

ဖွင့်လှစ်ခဲ့

တွံတေးတံတား၏ ပင်မတံတားမှာ အပေါ်ထည် သံမဏိကြိုးဆိုင်းတံတား အမျိုးအစားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ ချဉ်းကပ်တံတားများမှာ သံကူကွန်ကရစ်တံတား အမျိုးအစားများဖြစ်ပြီး ပင်မတံတား အရှည်ပေ ၈၄၀၊ ချဉ်းကပ်တံတား တစ်ဖက်လျှင် ၁၃၆၅ ပေရှိပြီး စုစုပေါင်းပေ၃၅၇၀ရှည်သည့် တံတားကြီးကို ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဘုရားငုတ္တိုကျေးရွာအနီး တွံတေးတူးမြောင်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး တွံတေးတံတားတည်ဆောက်ရေး စီမံကိန်းအဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့ပြီး ၂၀၀၆ခုနှစ် မေလ ၂၅ရက်က ဖွင့်လှစ်ပေးခဲ့သော တံတားတစ်စင်းဖြစ်ကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၈-၂-၂၀၀၉ ရက်(စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	ကဗျာပန်းဥယျာဉ်
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၂၀	၇။	**မမြင်ကွယ်ရာ** မောင်မောင်မြင့်၊ မောင်မောင်မျိုးသန့်၊ မတူး (ဒါရိုက်တာ-မောင်မောင်မြင့်)
၈:၃၀	၈။	International News
၈:၄၅	၉။	တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၄၅	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၄၅	၅။	Yan Can Cook
၁၃:၀၅	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၂၆)
၁၃:၅၀	၇။	ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၁၄:၃၀	၈။	တေးဂီတအစီအစဉ်
၁၄:၄၀	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၄၅	၁၀။	International News

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၄:၁၀	၂။	အဆိုပြိုင်ပွဲ
၄:၂၀	၃။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၃၀	၄။	တေးဂီတအစီအစဉ်
၄:၄၀	၅။	၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ရူပဗေဒဘာသာရပ်) (အပိုင်း-ခ)
၅:၀၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀	၇။	**ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ** မင်းမော်ကွန်း၊ လွင်မိုး၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ လှအဉ္ဇလီတင့်၊ ဥမ်းပုံ၊ ဇရာ
၅:၁၅	၈။	မြန်မာ့လေ့ရိုးရာလက်ဖွဲ့
၅:၂၀	၉။	ချစ်စရာ့အရွယ်ကစားကြမယ်
၅:၅၀	၁၀။	ဖြူသီ၏တေးသီချင်းများ
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၃၀	၁၂။	မိုးလေဝသအခြေအနေ
၆:၃၅	၁၃။	အလှရှာမယ်လှကမ္ဘာ၀ယ်
၆:၅၀	၁၄။	ပဋ္ဌလက်ကျောင်းတော်
၇:၁၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၂၂)
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၁၄)
	၂၁။	အစီအစဉ်ပြီး၏။

ဖေဖော်ဝါရီ ၂၄ရက်က ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ သိမ်ကြီးဈေးအေ၊ဘီ၊စီ ဈေးသာယာရေးအဖွဲ့နှင့်ဈေးတာဝန်ခံတို့ပူးပေါင်းပြီး ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို သိမ်ကြီးဈေး အေရုံနှင့်ဘီရုံကြား ၂၆လမ်းပေါ်၌ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ



■ ကျော့ဖုံးမှ

မြန်မာ့အလင်းသတင်းအဖွဲ့သည် ဇီးချောင်းရေလှောင်တမံ စီမံကိန်းသို့ ကွင်းဆင်းလေ့လာပြီး ကျောက်တော်မြို့သို့ ရောက်ရှိစဉ် ကျောက်တော်မြို့ ဆက်သွယ်ရေးစခန်းရှေ့တွင် တယ်လီဖုန်းတိုင်များ၊ တယ်လီဖုန်းကြိုးများနှင့် ဆက်သွယ်ရေးဆက်စပ်ပစ္စည်းများ စုပုံထားသည်ကို တွေ့ရသဖြင့် စစ်တွေမြို့ ဆက်သွယ်ရေးစခန်းသို့ ဝင်ရောက်လေ့လာခဲ့ကြသည်။

စစ်တွေ ဆက်သွယ်ရေးစခန်းအတွင်း လက်ထောက်မန်နေဂျာ(ကြေးနန်း) ဦးသိန်းမြင့်အား တွေ့ဆုံပြီး သိလိုသမျှ မေးမြန်းရာ ဦးသိန်းမြင့်က ''ရခိုင်ပြည်နယ်အတွင်း တပ်ဆင်ရန် စီစဉ်ထားသော စီဒီအမ်အေ၊ ဂျီအက်စ်အမ်(CDMA/GSM) တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ စီဒီအမ်အေနှင့် ဂျီအက်စ်အမ်စနစ် တပ်ဆင်ရန် မြို့ပေါင်း ၁၀မြို့နယ်အတွက် တယ်လီဖုန်း အလုံးပေါင်း ၁၁၁၀၀ တပ်ဆင်ပေးနိုင်ရန် စီစဉ်ထားရှိကြောင်း'' ရှင်းပြသည်။ စီဒီအမ်အေ၊ ဂျီအက်စ်အမ်စနစ် တပ်ဆင်ပေးနိုင်ရန် စီစဉ်ထားရှိသောမြို့နှင့် တယ်လီဖုန်းများမှာ စစ်တွေမြို့တွင် ဂျီအက်စ်အမ်၁၅၀၀၊ စီဒီအမ်အေ ၂၅၀၀ ဖြစ်ကြောင်း၊ ဂျီအက်စ်အမ် ၄၈၇လုံး၊ စီဒီအမ်အေ ၂၄၉၅လုံး တပ်ဆင်ပြီး၍ ကျန်ရှိသောဖုန်းများမှာ တပ်ဆင်ဆဲဖြစ်ကြောင်း သိရသည်။

''အမ်းမြို့မှာ စီဒီအမ်အေ ၅၀၉ လုံး တပ်ဆင်ပေးထားပြီး သံတွဲမြို့မှာ စီဒီအမ်အေ တပ်ဆင်ရန် အလုံး ၂၀၀၀ ရှိကာ ၁၅၈၂ လုံး တပ်ဆင်ပေးပြီးဖြစ်ပါတယ်။ ကျန်သော အလုံးများမှာ တပ်ဆင်ဆဲဖြစ်ကြောင်း၊ အလားတူပင် မောင်တောမြို့မှာ စီဒီအမ်အေအလုံး၆၀၀ တပ်ဆင်ပေးရန်ရှိပြီး ၁၄၆လုံး တပ်ဆင် ပေးပြီးဖြစ်ပါတယ်။ ကျောက်ဖြူမြို့မှာ စီဒီအမ်အေ အလုံး ၁၀၀၀ ပေးရန်ရှိရာ ၅၁၉လုံး တပ်ဆင်ပြီးဖြစ်ပါတယ်'' ဟု ဦးသိန်းမြင့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။



''ရခိုင်ပြည်နယ် မြို့နယ် ၁၀မြို့နယ်အတွက် တယ်လီဖုန်း အလုံးပေါင်း ၁၁၁၀၀ တပ်ဆင်ပေးနိုင်ရန် စီစဉ်ထားပါတယ်'' ဦးသိန်းမြင့် လက်ထောက်မန်နေဂျာ (ကြေးနန်း)

ကျောက်တော်မြို့နယ်အတွင်း တပ်ဆင်မည့် တယ်လီဖုန်းကြိုးများကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ရခိုင်ပြည်နယ်သည်ဒေသတွင်းသာမက မြန်မာနိုင်ငံတစ်ဝန်းသို့ အချိန်တိုအတွင်း လျင်မြန်စွာ ဆက်သွယ်ပြောဆိုနိုင်ကြပြီဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆက်သွယ်ရေးကဏ္ဍက တိုးမြှင့် ပံ့ပိုးပေးလျက်ရှိနေပြီဖြစ်။

စီစဉ်ဆောင်ရွက်

မြောက်ဦးမြို့အတွက် စီဒီအမ်အေ အလုံး၆၀၀ အနက် ၁၉၉ လုံး တပ်ဆင်ပေးပြီး ကျန်အလုံးများကို တပ်ဆင်ပေးရန်စီစဉ်ဆဲဖြစ်ကြောင်း၊ မြေပုံမြို့တွင် စီဒီအမ်အေ အလုံး ၆၀၀ တပ်ဆင်ရန်ရှိရာ ၁၆၂ လုံး တပ်ဆင်ပြီးဖြစ်သည်။ တောင်ကုတ်မြို့၌ တပ်ဆင်ရန် စီဒီအမ်အေအလုံး ၆၀၀၊ မာန်အောင်မြို့တွင် အလုံး ၆၀၀၊ ကျောက်တော်မြို့တွင် အလုံး ၆၀၀တို့ကို ဆက်လက်တပ်ဆင်ရန် စီစဉ်ဆောင်ရွက်ဆဲဖြစ်သည်။

အထက်ပါဆက်သွယ်ရေးစခန်းများအပြင် ရခိုင်ပြည်နယ် ဂွမြို့တွင် စီဒီအမ်အေ မိုဘိုင်းလ်စခန်း တည်ဆောက်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်ဆင်ရန်ရှိသော အလုံးပေါင်း ၁၁၀၀၀ အနက် ၆၀၇၄လုံးတပ်ဆင်ပြီး၍ ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် ရခိုင်ပြည်နယ်သည် ဒေသတွင်းသာမက မြန်မာနိုင်ငံတစ်ဝန်းသို့ အချိန်တိုအတွင်း လျင်မြန်စွာ ဆက်သွယ် ပြောဆိုနိုင်ကြပြီဖြစ်ရာ ဒေသဖွံ့ဖြိုး တိုးတက်မှုကို ဆက်သွယ်ရေးကဏ္ဍက တိုးမြှင့်ပံ့ပိုးပေးလျက် ရှိနေပြီဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

ကျောက်တော်မြို့နယ်အတွင်း စိုက်ထူမည့် ကျောက်တိုင်များကို တွေ့ရစဉ်။

မိတ္ထီလာ တပ်မတော်ကလေးများ အထက်တန်းကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မိတ္ထီလာမြို့ ယခင် တပ်မတော်ကလေးများ အထက်တန်းကျောင်းတွင် ၁၉၅၆ခုနှစ်မှ ၁၉၆၈ခုနှစ်အတွင်းတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက နှစ်စဉ်ကျင်းပမြဲအတိုင်း ပူဇော်ကန်တော့ပွဲကို မတ် ၈ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း အမှတ်၁၅၈ မိုးညှင်းဝိပဿနာကျောင်းတိုက် စိန်တိုးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ဖြစ်မြောက်ရေးကော်မတီဝင်များ ဖြစ်ကြသော ပါမောက္ခ ဗိုလ်မှူးကြီးကျော်ညွန့်(ငြိမ်း) ဖုန်း-၀၉-၈၀-၃၁၀၁၄၊ ဒေါ်သန်းသန်းအေးမောင် ဖုန်း-၂၁၅၅၀၂၊ ဦးဇော်နေဝင်း ဖုန်း-၂၁၂၁၉၆၊ ဦးသောင်းဟန် ဖုန်း-၅၉၀၅၇၅နှင့် ဒေါ်ဇာနီအောင် ဖုန်း-၂၁၅၀၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပညာရည်ချွန်ဆု ပေးအပ်

ဖေဖော်ဝါရီ ၁၄ရက်က ကျင်းပသော ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၁၃) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားတွင် စတုတ္ထတန်း၌ ပညာရည်ချွန်ဆုရ မောင်ဟန်ထူးအောင်အား ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးမြင့်က ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

နွေရာသီ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက် သင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်းရှိ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းနှင့် Han Golf Masters Academy တို့က နွေရာသီ မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက် သင်တန်းများကို မတ် ၉ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းများမှာ အခြေခံဂေါက်သီးရိုက်သင်တန်းနှင့် ကွင်းပတ်အဆင့် ဂေါက်သီးရိုက်သင်တန်းများဖြစ်ပြီး ဝါရင့်နည်းပြဆရာဖြစ်သော ဦးဆန်းထွန်း (PGA Professional) နှင့် လက်ထောက်နည်းပြဆရာများက စနစ်တကျ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းသားအရေအတွက် ကန့်သတ်ထား၍ တက်ရောက်လိုသော လူငယ်မောင်မယ်များသည် မတ် ၇ရက် ထက်နောက်မကျဘဲ စာရင်းပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ် သိလိုပါက မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဖုန်း-၀၁-၆၅၁၇၉၇သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၀၉ရက် (စနေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**မမေ့အပ်တဲ့လေးဌာန** တရားတော် (အပိုင်း-၁) (သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ)
၇း၅၀-၁း၅၀	နိဗ္ဗာန်ကိုရည်သန်… ဖူးကြမည် ဧကန်မြတ်စေတီကျိုက်သလ္လ
၈း၁၀-၂း၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၃၅-၂း၃၅	ပွင့်သောပန်းတိုင်း လန်းဆန်းစေရာ စာပန်းအိမ်မှာ
၉း၀၅-၃း၀၅	Golf ချစ်သူများအတွက် သတင်းကောင်း
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာဦးထွန်းထွန်းဦး (ကမ္ဘောဇရိပ်သာ)နှင့် တွေ့ဆုံခြင်း]
၉း၄၅-၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	ဟန်ကျတဲ့စံပြစိုက်ပျိုးရေး အထူးဇုန်
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၀း၃၅-၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅-၄း၄၅	ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၁၁း၀၅-၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀-၅း၁၀	သွားမယ်စားမယ် (Kruwa Namtip Thai Food Restaurant)
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	**ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး** ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ (ဒါရိုက်တာ-အကယ်ဒမီဆွေဇင်ထိုက်)
၁၁း၄၅-၅း၄၅	Yangon Panorama (သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနား)
၁၂း၀၀-၆း၀၀	Activities in the City (သွားဘက်ဆိုင်ရာ ဆရာဝန်များ၏ မြတ်ဆရာပူဇော်ပွဲ)
၁၂း၂၀-၆း၂၀	Hotel Guide (Hotel Yangon)
၁၂း၅၀-၆း၅၀	မြန်မာ့တူရိယာစည်တော်ကြီး
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Everton-West Brom	ESPN(Live)
၉း၂၅	Chelsea-Wigan	ESPN(Live)
	Middlesbrough-Liverpool	Star Sports(Live)
၁၁း၅၅	Arsenal-Fulham	Star Sports (SDD)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Lazio-Bologna	5-Cartoon(Live)
၂း၀၀	Juventus-Napoli	5-Cartoon(Live)

မီးဘေးကာကွယ်ရေး သံဖြူဇရပ်၌ သရုပ်ပြ

သံဖြူဇရပ် ဖေဖော်ဝါရီ ၂၇

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာဈေးအတွင်း ဖေဖော်ဝါရီ ၁၁ရက်က ဈေးသူဈေးသားများအား မီးဘေးကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံနှင့်၊ မီးငြိမ်းသတ်နည်းများ ရှင်းလင်းပြသခဲ့ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မှူးနှင့် မြို့နယ် အမှုဆောင်အရာရှိ ဦးမြင့်တို့ တက်ရောက်ခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းသားစုံညီ အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို မတ် ၂၈ရက် (စနေနေ့) မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ အမှုဆောင်များနှင့် အသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် အစည်းအဝေး ကျင်းပရက် ပြောင်းလဲမှုရှိက ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာ့အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်

ပန်းတနော် ဖေဖော်ဝါရီ ၂၇

ပန်းတနော်မြို့နယ် တောကျောင်းကျေးရွာအုပ်စု တောကျောင်းကျေးရွာ ပညာ့အလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

အင်္ဂပူမြို့ ဖေဖော်ဝါရီ ၂၇

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ (၃၆) ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲကို မတ် ၂၈ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံဘုရားလမ်း(ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး) သစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်

အသက် ၇၅ နှစ် အထက် ကန်တော့ခံ သက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ မဟာသိပ္ပံ၊ မဟာဝိဇ္ဇာ၊ မဟာဥပဒေ၊ ပါရဂူဘွဲ့ရသူများ၊ နိုင်ငံတော်ကချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဆုလက်ခံရရှိသူများသည် ဦးမြင့်အောင် ဖုန်း-၀၉-၅၁-၅၉၁၄၄၊ အိမ်ဖုန်း-၆၆၆၃၅၂၊ ရုံးဖုန်း-၂၂၁၆၈၄၊ ဦးမြင့်သိန်း(တက္ကသိုလ်မောင်မြင့်သိန်း) အိမ်ဖုန်း ၅၀၃၈၄၁၊ ဦးမြင့်သိန်း(ထူးကြီး) ဖုန်း-၀၉-၅၁-၀၃၂၁၀၊ အိမ်ဖုန်း-၂၉၃၀၅၆၊ ဦးသန်းဝေစိုး ဖုန်း-၂၀၃၂၁၉၊ ဦးထွန်းငွေ ဖုန်း-၇၂၁၄၀၆၊ ဦးသောင်းတင် ရုံးဖုန်း-၂၁၄၆၄၅၊ ဦးတင်လှိုင် ရုံးဖုန်း-၅၉၀၁၀၈၊ ၅၉၀၁၀၉၊ ဦးခိုင်ဇော်ဝင်း ဖုန်း-၀၉-၅၁-၀၃၀၁၇၊ ရုံးဖုန်း-၇၂၂၁၀၂၊ ဦးအောင်မင်း ရုံးဖုန်း-၂၉၂၄၇၂၊ ဦးဇော်နိုင်ထွန်း ဖုန်း-၅၃၇၈၀၉၊ ဦးအောင်ကျော်ဝင်း ဖုန်း-၀၉-၅၀-၁၇၈၂၂နှင့် အသင်း ရုံးဖုန်း-၅၁၉၂၇၃ တို့သို့ ဆက်သွယ်ပြီး သတင်းပေးပို့ပါရန်နှင့် သက်ဆိုင်ရာကျောင်းများမှ ထောက်ခံစာများကို ၂၅-၃-၂၀၀၉ ရက်နောက်ဆုံးထားပေးပို့ကြပါရန်နှင့် အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ အင်္ဂပူမြို့နယ်သူ မြို့နယ်သားများနှင့် စိတ်ပါဝင်စားသူများသည် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ၊ တက်ရောက်ကြရန် နှိုးဆော်ထားပြီး မော်တော်ယာဉ်များဖြင့် လမ်းကြောင်းအလိုက် ကြိုဆိုပို့ဆောင်ပေးမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးစစ်ဆေး

လားရှိုး ဖေဖော်ဝါရီ ၂၇

လားရှိုးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစောတီနေထူး (လက်ထောက်အင်ဂျင်နီယာ) ဦးဆောင်၍ ဦးမျိုးကိုကိုမောင် (စက်မှုကျွမ်းကျင်-၃)၊ ဦးညီညီဦး(ဒု-ဦးစီးမှူး)၊ ဦးမြင့်ဦး(စာရင်းကိုင်-၂)၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ဒု-ရဲအုပ် သန်းကြွယ်၊တပ်ကြပ်ကြီးလှသိန်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်မှုကော်မတီမှ ဦးခင်မောင်ဆွေ၊ ဦးစောသန်းထွန်းတို့နှင့်အတူ ဖေဖော်ဝါရီ ၂၁ရက်က လားရှိုးမြို့ မန်ဆူအဝေးပြေး ယာဉ်ရပ်နားစခန်းရှိ လားရှိုးမှမန္တလေးသို့ ခရီးသည်တင်ပြေးဆွဲမည့် တက်နေထွန်း၊ ရဲမာန်အောင်၊ ရတနာ၊ ဆန်းသစ်မော်တော်ယာဉ်အသင်းများအား ယာဉ်ကြံ့ခိုင်မှုနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်ပါရှိမှု ရှိ၊ မရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့ပြီး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အပါအဝင် ယာဉ်မတော်တဆ ဖြစ်ပွားမှုလျော့နည်းပပျောက်ရေးနှင့် စပ်လျဉ်း၍ ပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(လားရှိုးကိုယ်ပွား)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ဂျပန် ဆိုနီကုမ္ပဏီဥက္ကဋ္ဌ ရာထူးမှ နုတ်ထွက်မည်

တိုကျို ဖေဖော်ဝါရီ ၂၇

ဂျပန်နိုင်ငံမှ နာမည်ကြီးကုမ္ပဏီတစ်ခုဖြစ်သည့် ဆိုနီမှ ဥက္ကဋ္ဌဖြစ်သူ ယိုဂျီချူဘာချီသည် လာမည့်ဧပြီရက်၌ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ဆိုနီကုမ္ပဏီက သတင်းထုတ်ပြန်သည်။

ရွေးချယ်နိုင်

ဆိုနီအနေဖြင့် ဦးစီးဦးဆောင်ပြုမည့် ဥက္ကဋ္ဌသစ်တစ်ဦးလိုအပ်ကြောင်း၊ ယင်းဥက္ကဋ္ဌသစ်ကို လောလောဆယ်အချိန်၌ မရွေးချယ်ရသေးကြောင်းသိရသည်။ နုတ်ထွက်တော့မည့် ဆိုနီဥက္ကဋ္ဌ ယိုဂျီချူဘာချီက မိမိအနေဖြင့် အရှုပ်အရှင်းကင်းရှင်းကြောင်း၊ နောက်ထပ်မျိုးဆက်သစ်တစ်ဦးကို ရွေးချယ်နိုင်ရန် နုတ်ထွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆုံးရှုံးခဲ့

ဆိုနီအနေဖြင့် ကမ္ဘာတစ်ဝန်း၌ သုံးစွဲသူဦးရေ များပြားလာခြင်းကြောင့်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က ၁ဒသမ ၈ဘီလီယံခန့် ဆုံးရှုံးခဲ့ကြောင်း၊ ယခုနှစ်၌ ယင်းထက်ပိုမိုဆုံးရှုံးနိုင်ဖွယ်ရှိကြောင်း၊ ယခုကဲ့သို့ နုတ်ထွက်ခြင်းသည် ယင်းအချက်နှင့် သက်ဆိုင်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

လောင်စာဆီ သုံးလျှင် သတိယူဉ် မီးတွင် မပေါ့နှင့်။

မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးမြေစိုက်ပိုစတာစိုက်ထူ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ညွှန်ပြမှုဖြင့် ရွှေပြည်သာ စက်မှုဇုန် အပိုင်း(၁) စီမံခန့်ခွဲရေးကော်မတီက ကြီးမှူး၍ မြို့နယ်မီးသတ်ဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် သတိပေးမြေစိုက်ပိုစတာ စိုက်ထူပွဲကို ဖေဖော်ဝါရီ ၂၁ရက်က ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီးနှင့် စက်မှုလမ်းမ လမ်းဆုံအနီး (ဓာတ်ဆီဆိုင်ရှေ့)၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီအောင်၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမြင့်အောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် ကြက်ခြေနီအသင်းဝင်များ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များ တက်ရောက် ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(အပေါ်ပုံ) (၁၇၂)

နိုင်ငံတကာအဆင့်မီ ဝက်ဘ်ဆိုက်ရေးသားနည်း သင်တန်းသစ်များဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျောင်းသားလူငယ် စီးပွားရေးနယ်ပယ်များအတွက် မသိမဖြစ် လိုအပ်နေသည့် အင်တာနက်နှင့် ဝက်ဘ်ဆိုက်နည်းပညာ အထူးပြုရေးသားနည်းပညာဆိုင်ရာ သင်တန်းများကို မြန်မာအင်ဖိုတက်(ခ်)အတွင်း ဖွင့်လှစ်ထားသည့် Myanmar WWW Institute သင်တန်းကျောင်း၌ အခြေခံမှစတင်၍ ကျွမ်းကျင်စွာ အသုံးပြုနိုင်သည်အထိ သင်ကြားပေးလျက်ရှိခဲ့သည်မှာ အပတ်စဉ် (၆၂) တိုင်ခဲ့ပြီဖြစ်သည်။

သင်ကြားပေး

ယင်းသင်တန်းအမည်မှာ Web Essentials သင်တန်းဖြစ်ပြီး ယခုအခါအပတ်စဉ် (၆၃)ကို မတ်လဆန်းတွင် ဖွင့်လှစ်တော့မည်ဖြစ်သည်။ အဆိုပါ သင်တန်းတွင် အင်တာနက်ပေါ်၌ မိမိသိရှိလိုသည့် အကြောင်းအရာများအား မည်ကဲ့သို့ရှာဖွေရမည်၊ မည်ကဲ့သို့ အသုံးပြုရမည်ကို သိရှိစေရန်အတွက် Introduction to Internet & WWW၊ အင်တာနက်ပေါ်တွင် မိမိတို့၏ Web Page များကို ရေးသားရန်အတွက် မရှိမဖြစ်အရေးအပါဆုံးဖြစ်သော HTML Web Page များအား ပိုမိုစနစ်ကျ လှပအောင် ပြုလုပ်နိုင်သော CSS User ထည့်သွင်းထားသော Data များကို စစ်ဆေးရန်အတွက် JavaScript Web Page ရေးသားရာတွင် ပါဝင်ရမည့် အချက်များနှင့် လိုက်နာရမည့် အချက်များကို သင်ကြားပေးလျက်ရှိသည်။

Web Essentials သည် ဘာသာစုံ သင်တန်းဖြစ်သည့်အားလျော်စွာWeb Design Web Page များကို အလွယ်တကူ ဖန်တီးနိုင်ရန်အတွက် Dreamweaver ၊ Animation များ ပြုလုပ်နိုင်ရန်အတွက် Adobe Photoshop, Image Ready & Flash လူအများသိရှိစေရန်အတွက် မည်ကဲ့သို့ Marketing ပြုလုပ်ရမည်ကို သိရှိနိုင်စေရန်အတွက် e Marketing ၊ အင်တာနက်ပေါ်တွင် Data Interchange ပြုလုပ်ရန်အတွက် XML ၊ ကွန်ပျူတာများ Network ချိတ်ဆက်ရာတွင် လိုအပ်သော Protocol တစ်ခုဖြစ်သည့် TCP / IP စသည့် ဘာသာရပ်များလည်း ပါဝင်နိုင်မည်ဖြစ်သည်။ ထို့အပြင် သင်တန်းသားများအား Assignment များ၊ Project များကို ကိုယ်တိုင်ပြုလုပ်စေမည်ဖြစ်ရာ မိမိ၏လုပ်ငန်းခွင်တွင်လည်း အမှန်တကယ် အကျိုးသက်ရောက်ဖြစ်ထွန်းစေမည်ဖြစ်သည်။ ယင်းသင်တန်းကို ကွန်ပျူတာနည်းပညာ စိတ်ပါဝင်စားသော ကျောင်းသားကျောင်းသူများ တက်ရောက်ရန် အထူးသင့်လျော်ပြီး ကွန်ပျူတာကို ကောင်းစွာအသုံးပြုတတ်သူ မည်သူမဆို တက်ရောက်နိုင်မည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အသေးစိတ်သိရှိလိုပါက အဆောင် (၅) အခန်း(၄) မြန်မာအင်ဖိုတက်(ခ်) လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၅၂၂၅၈၊ ၆၅၂၂၈၈၊ ၆၅၂၃၂၀ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်း၏ ရေထိန်းတမံနှင့် ရေယူဥမင်လိုဏ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ချီဖွေငယ်ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ရက် နံနက်ပိုင်းက ချီဖွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဝတ်စုံပေးအပ်

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ချီဖွေမြို့ ဥက္ကပ်ရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံပြီး တိုင်းမှူးက ဆရာ ဆရာမများအား ကျောင်းဝတ်စုံများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် ချီဖွေမြို့နယ် လမ်းကျောကျေးရွာအနီး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ချီဖွေငယ်ရေအားလျှပ်စစ် စီမံကိန်း၏ ရေထိန်းတမံနှင့် ရေယူဥမင် လိုဏ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် ချီဖွေမြို့အနီးရှိ လဖြူဂျိုင်ဟိုတယ် ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ ဝိုင်းမော်မြို့နယ် ဒွန်ဘန်ကျေးရွာအနီးရှိ ဒွန်ဘန်ချောင်း တံတားကြွခိုင်မှုအခြေအနေနှင့် ဝိုင်းမော်မြို့နယ် မိုင်တိုင်အမှတ်(၄၅/၂)ရှိ မလိယန် တံတားကြွခိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ချီဖွေ-ဝိုင်းမော်လမ်းပိုင်း လမ်းအဆင့်မြှင့် ပြုပြင်ဆောင်ရွက်နေမှုနှင့် လမ်းဘေးဝဲယာတစ်လျှောက် သီးနှံပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဆဒုံးမြို့နယ်သို့ ညနေပိုင်းတွင် ရောက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ဆဒုံးမြို့နယ်ရှိ နှင်းပွင့်ဟိုတယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး အပေါ့စားမီးသတ်စက်ဆိုင်ရာ စာရွက်စာတမ်းများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ဆဒုံးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ညပိုင်းတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ဧည့်သည်အဖွဲ့တွေ့

မေခ၊ မလိခမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ရောဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းများ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation (CPI) မှ Vice President, Mme. ZHANG Xiaolu နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ရက် ညနေပိုင်းက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ Department of International Cooperation (NEA) မှ Division Chief, Mr. LIU Deshun နှင့် China Power Investment Coporation (CPI) မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မေခ၊ မလိခမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းနှင့် ရောဝတီမြစ်ဆုံ ရေအားလျှပ်စစ် စီမံကိန်း ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေးမြို့ မြသီတာဈေး၌ မီးငြိမ်းသတ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၈ရက်ကကျင်းပရာ အခမ်းအနားတွင် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ၊ မြို့နယ် ဥက္ကဋ္ဌနှင့်တာဝန်ခံအင်ဂျင်နီယာတို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ်-မကွေး-နတ်မောက်နှင့် မင်းဘူး-ပွင့်ဖြူ-ပခုက္ကူ ရထားလမ်းပိုင်းတို့အား ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၃ရက်က မကွေးမြို့အနီးမှ ဖြတ်သန်းဖောက်လုပ်မည့် ပျော်ဘွယ်-မကွေး-နတ်မောက် ရထားလမ်း လမ်းအူကြောင်းနေရာကို ရွေးချယ်ပြီး စကုမြို့အနီး ညောင်ကိုင်း-ကျွဲတဲရွာအနီးမှ မန်းချောင်းအား ဖြတ်သန်းဖောက်လုပ်မည့် ရထားလမ်းတံတားနေရာ ရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ဝန်ကြီးသည် သရက်-မင်းဘူး-ပွင့်ဖြူ ရထားလမ်းပိုင်းတွင် ညောင်ကိုင်းကျေးရွာအနီး၌ စက်ယန္တရားများဖြင့် မြေသားတာပေါင်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ စလင်းမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံး၌ သရက်-ပွင့်ဖြူ ရထားလမ်းပိုင်း ရထားလမ်းဖောက်လုပ်ရေးနှင့် ပတ်သက်၍ စီမံကိန်း အင်ဂျင်နီယာများနှင့်တွေ့ဆုံပြီး လုပ်ငန်းညှိနှိုင်း ဆွေးနွေးသည်။

ယင်းနောက် ဝန်ကြီးသည် ရုံးကုန်းရွာအနီး စက်ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရထားလမ်းနှင့် ကားလမ်း ဖြတ်ကူးမည့်နေရာ(Level Crossing)တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ရထားလမ်းတာပေါင်တစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှု၊ ဆင်ဖြူကျွန်းဘူတာ တည်ဆောက်မည့် မြေနေရာ မင်းဘူး-ပွင့်ဖြူ-ပခုက္ကူရထားလမ်းကို မြေသားတာပေါင်များ ဖောက်လုပ်ပြီးစီးမှု၊ စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှု၊ ဘူတာတည်ဆောက်မည့်နေရာနှင့် တညောင်ဘူတာဆောက်လုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည် ဖောက်လုပ်ပြီး ရထားလမ်းတာပေါင်တစ်လျှောက် မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ယောချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

တံတားကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် ထန်းခြောက်ပင်ရွာအနီး ချိန်းအမှတ်(၉၂၂၀၀) တန့်ကြည့်တောင်ဇရိယာ၌ တောင်ကြောများပေါ်တွင် ရထားလမ်းမြေသား တာပေါင်အား စက်ယန္တရားဖြင့် ဆောင်ရွက်နေမှု **(အပေါ်ပုံ)**၊ ပခုက္ကူအထိ ရထားလမ်းမြေသား တာပေါင်ဖောက်လုပ်ထားမှုနှင့် ရွှေကျောင်းချောင်းတံတားတို့ကို ကြည့်ရှုစစ်ဆေးသည်။

ချောင်းမကြီးတံတား

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ တည်ဆောက်နေသည့် ပွင့်ဖြူ-ပခုက္ကူရထားလမ်းပိုင်းရှိ ချောင်းမကြီးတံတား (၁/၂) တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ချောင်းမကြီးတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

မန်စီးတီးဟာ အောင်မြင်မှုတွေရရှိလာတော့မှာပါ — မာ့ခ်ဟုချ်
ကျွန်တော်တို့ ဒီပွဲ သရေမကျသင့်ဘူး — အန်ဆယ်လော့တီ

မောင်မောင်မြင့်ဆွေ ရေးသား၍ ❖ ဉာဏ်ဖြိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၂၇

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွေကို ဖေဖော်ဝါရီ ၂၆ ရက်မှာ ဆက်လက်ကစားတဲ့အခါ မန်စီးတီးက ကိုပင်ဟေဂင်ကို အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး-သုံးဂိုးနဲ့ နောက်ဆုံး ၁၆သင်းအဆင့်ကို တက်ရောက်သွားနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

မန်စီးတီးနည်းပြ မာ့ခ်ဟုချ်။

ဒီပွဲမှာ မန်စီးတီးက တိုက်စစ်မှာ ဘယ်လာမီနဲ့ ရော်ဘင်ဟိုအတွဲကိုတင်ပြီး ကစားခဲ့တဲ့အပြင် ရစ်ချတ်စ်၊ရိုက်ဖ်းလစ်နဲ့ အိုင်ရီယန်တို့ကို အမာခံအဖြစ် ထုတ်သုံးခဲ့တာကြောင့် ကိုပင်ဟေဂင်ကို အသာစီးက ကစားနိုင်ခဲ့ပါတယ်။

တက်ရောက်နိုင်

ဒီပွဲမှာ မန်စီးတီးတိုက်စစ်မှူး ဘယ်လာမီက ၇၃မိနစ်နဲ့ မိနစ် ၈၀မှာ နှစ်ဂိုးသွင်းယူခဲ့ပြီးမှ ကိုပင်ဟေဂင်ရဲ့ ဗင်ဂရက်က ပွဲပြီးချိန် မိနစ်၉၀မှာ ချေပဂိုး တစ်ဂိုးသွင်းယူခဲ့ခြင်း ဖြစ်ပါတယ်။ ဒီပွဲအပြီးမှာ မန်စီးတီးနည်းပြ မာ့ခ်ဟုချ်က "ဒီပွဲမှာ ကျွန်တော်တို့ အခွင့်အရေးကောင်းတွေ အများကြီးရရှိခဲ့ပေမယ့် နှစ်ဂိုးနဲ့ပဲ ကျေနပ်ခဲ့ရတယ်။ ရော်ဘင်ဟိုလည်း ခြေစွမ်းပြနိုင်ခဲ့ပြီး နိုင်ပွဲရအောင်အများကြီးစွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ အားကစားသမားကောင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ မန်စီးတီးအသင်းဟာ မကြာခင်မှာ အောင်မြင်မှုတွေ ရရှိလာမယ်ဆိုတာကို သက်သေပြနိုင်တော့မှာပါ။ အခုတော့ ယူအီးအက်ဖ်အေ နောက်ဆုံး ၁၆သင်းအဆင့်ကို တက်ရောက်နိုင်ခဲ့ပါပြီ"လို့ ပြောကြားခဲ့ပါတယ်။

ပြောကြား

ဒါ့အပြင် အေစီမီလန်နဲ့ ဝါဒါဘရီမင်တို့ပွဲမှာ နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပါတယ်။ အေစီမီလန်ဟာ အိမ်ကွင်းမှာ ပထမပိုင်းကတည်းက ပီယာလိုနဲ့ ပါတိုတို့က နှစ်ဂိုးသွင်းယူခဲ့ပေမယ့် ဝါဒါဘရီမင်ရဲ့ ပီဇာရိက နှစ်ဂိုးဆက်တိုက်ချေပခဲ့လို့ သရေပွဲဖြစ်ခဲ့တာပါပဲ။ ဒီပွဲအပြီးမှာ အေစီမီလန်နည်းပြ အန်ဆယ်လော့တီက "ဒီရလဒ်ဟာ တကယ့်ကိုခါးသီးတဲ့ရလဒ်ပါပဲ။ ကျွန်တော်တို့ အနိုင်ရသင့်ပေမယ့် မထိန်းနိုင်ခဲ့ဘူး။ ဒီပွဲမှာ ဝါဒါဘရီမင်ဘောလုံးသမားတွေရဲ့ စိတ်ဓာတ်ကို လေးစားရမှာပါ"လို့ ပြောကြားခဲ့ပါတယ်။ ဝါဒါဘရီမင်ဟာ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးစီဆိုပေမယ့် အဝေးကွင်းဂိုးရလဒ်အရ ယူအီးအက်ဖ်အေ ၁၆သင်းအဆင့်ကို တက်ရောက်သွားခဲ့ပြီ ဖြစ်ပါတယ်။

ဖေဖော်ဝါရီ ၂၆ရက်က ယူအီးအက်ဖ်အေ ပွဲစဉ်တွေကစားပြီးတဲ့အခါ နောက်ဆုံး ၁၆သင်းအဆင့်ကို တက်ရောက်နိုင်ခဲ့တဲ့ အခြားအသင်းတွေကတော့ အေဂျက်၊ စီအက်စ်ကေအေမော်စကို၊ အောဘတ်၊ ခါကိဗ်၊ မာဆေးလ်၊ ဂါလာတာစာရေး၊

အေစီမီလန်နည်းပြ အန်ဆယ်လော့တီ။

ဟမ်းဘတ်၊ အီတေးနီ၊ ဘရာဂါ၊ ရှက်တာဒိုးနက်၊ အူဒီးနီးစ်၊ ဒိုင်နမိုကိဗ်၊ ဇင်းနစ်နဲ့ ပီအက်စ်ဂျီအသင်းတွေ ဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

ပြေးခုန်ပစ်ကြယ်ပွင့် တာဂက် ဒဗ္ဗလင်ပြေးခုန်ပစ်၌ ပါဝင်ယှဉ်ပြိုင်မည်

လန်ဒန် ဖေဖော်ဝါရီ ၂၇

ကမ္ဘာ့မာရသွန်စံချိန်ရှင်ဟောင်း ပေါလ်တာဂက်သည် လာမည့်ဧပြီ ၅ရက်တွင် အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့၌ကျင်းပမည့် ဂရိတ်အိုင်ယာလန် ပြေးခုန်ပစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

အသက် ၃၉နှစ်ရှိ ပေါလ်တာဂက်သည် ကမ္ဘာ့မာရသွန်စံချိန်ရှင်ဟောင်း တစ်ဦးဖြစ်ပြီး အိုလံပစ် မီတာ၁၀၀၀၀ ငွေတံဆိပ်နှစ်ခုအပြင် နိုင်ငံဖြတ်ကျော်ပြေးပွဲတွင် ရွှေတံဆိပ်ဆု ငါးဆု ဆွတ်ခူးရရှိထားသူ ဖြစ်သည်။ **(အင်တာနက်)**

ဒူဘိုင်းချန်ပီယံရှစ် တင်းနစ်ပြိုင်ပွဲ ကွာတား၌ မာရေး အနိုင်ရရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၇

ဗြိတိသျှအဆင့်(၁) တင်းနစ်သမား အန်ဒီမာရေးသည် ယူအေအီးနိုင်ငံတွင် ကျင်းပသည့် ဒူဘိုင်းချန်ပီယံရှစ် တင်းနစ်ပြိုင်ပွဲတွင် ပြင်သစ်နိုင်ငံမှ အာနော့ကလီးမင့်အား ၆-၂၊ ၆-၃ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိခဲ့သည်။

ကျော်လွှားနိုင်

မာရေးသည် ကမ္ဘာ့အဆင့် (၇၃)ရှိ ကလီးမင့်အား ပြိုင်ပွဲအစပိုင်းတွင် ၂-၁၊ ၄-၂တို့ဖြင့် အသာစီးရကာ ပွဲစဉ်တစ်လျှောက်လုံး စိုးမိုးကစားနိုင်ခဲ့ပြီး ကွာတားအဆင့်ကို အလွယ်တကူ ကျော်လွှားနိုင်ခဲ့သည်။ **(အင်တာနက်)**

မစ်ဒယ်ဘရော့နှင့် ရင်ဆိုင်ရမည့်ပွဲစဉ် လီဗာပူး၌ တောရက်စ် မပါဝင်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၂၇

လီဗာပူးတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်သည် ဒူးဒဏ်ရာမှ ပြန်လည်သက်သာလာရန် ရုန်းကန်နေရပြီး ဖေဖော်ဝါရီ ၂၈ ရက်**(ယနေ့)**တွင် မစ်ဒယ်ဘရော့နှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲစဉ်၌ ပါဝင်နိုင်မည် မဟုတ်ဟုဆိုသည်။ သို့သော် တံကောက်ကြောဒဏ်ရာမှသက်သာလာသော အသင်းခေါင်းဆောင် စတီဗင်ဂျရတ် ပြန်လည်ပါဝင်ကစားနိုင်မည်ဟု သတင်း၌ ဖော်ပြသည်။

လူစားလဲ

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၅ ရက် ချန်ပီယံလိဂ်ပွဲစဉ်၌ ရီးရဲမက်ဒရစ်အား လီဗာပူးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် ၆၁မိနစ်၌ ဒဏ်ရာကြောင့် တောရက်စ်ကို လူစားလဲခဲ့ရသည်။ **(အင်တာနက်)**

ဘာမင်ဂမ်လက်ဝှေ့သမား ဂါဗင် ပွဲဦးထွက် ကြေးစားပွဲစဉ် ယှဉ်ပြိုင်ထိုးသတ်မည်

လန်ဒန် ဖေဖော်ဝါရီ ၂၇

ဘာမင်ဂမ်မြို့မှ လက်ဝှေ့သမား ဖရန်ကီဂါဗင်က ၎င်းအနေဖြင့် ဖေဖော်ဝါရီ ၂၈ရက် (ယနေ့)၌ ၎င်း၏ ပွဲဦးထွက် ကြေးစားလက်ဝှေ့ပြိုင်ပွဲ ယှဉ်ပြိုင်ထိုးသတ်မည့် ပွဲစဉ်ကို မစောင့်ဆိုင်းလိုတော့ဘဲ ယခုပင် မိမိအိမ်ရှင်ပရိသတ်တို့၏ ရှေ့တွင် ထိုးသတ်လိုချင်စိတ် ဖြစ်ပေါ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ယှဉ်ပြိုင်ထိုးသတ်မည်

အသက် ၂၃နှစ်ရှိ ဂါဗင်သည် အမျိုးသားအင်ဒေါအားကစားခန်းမ၌ ဂျော်ဂျီယာ လက်ဝှေ့သမား ဂျော့ချ်ကာဒါရီယာနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ဗြိတိန်မှ ဘီလီဂျိုးဆောင်းဒါးစ်နှင့် ဂျိမ်းစ်ဒီဂေးလ်တို့လည်း ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။ **(အင်တာနက်)**

ဂန္ထဝင်ပြေးခုန်ပစ် ကြယ်ပွင့် ပေါလ်တာဂက်။

ချစ် စိုး နိုင် စု စည်း ရေး သား သည်

တင်းနစ်ကြယ်ပွင့် ဒီဂျိုကိုဗစ် ဒူဘိုင်းချန်ပီယံရှစ်ပြိုင်ပွဲ၌ နိုင်ပွဲများရရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၇

ဆားဘီးယား တင်းနစ်ကြယ်ပွင့် နိုဗက်ခ်ဒီဂျိုကိုဗစ်သည် ဒူဘိုင်း ချန်ပီယံရှစ်ပြိုင်ပွဲအစတွင် အီတလီမှ ဖလာဗီယိုကီပိုလာအား အနိုင်ရရှိခဲ့သည်။

အနိုင်ရရှိ

အသက် ၂၁နှစ်ရှိ ဆားဘီးယားနိုင်ငံသား ဒီဂျိုကိုဗစ်သည် ယခုပွဲစဉ် မတိုင်မီက မီခေးလ်ယူဇနီကို ၄-၆၊ ၆-၁၊ ၆-၄ဖြင့် အနိုင်ရရှိခဲ့သူ ဂျန်ဟာနိုက်ချ်အား ၆-၃၊ ၆-၂ဖြင့် အလွယ်တကူ အနိုင်ရရှိခဲ့သည်။ ထို့အတူ ဂီလက်စ်ဆိုင်မွန်သည် မိုဟာမက်အယ်လ်ဝါရက်ဘ်အား ၅-၇၊၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အပိုင်း(၁) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးဇော်မျိုးအောင် ဇန်နဝါရီ ၂၁ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးသိမ်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရွှေတောင်မြို့၌ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ရွှေတောင် ဖေဖော်ဝါရီ ၂၃

ရွှေတောင်မြို့နယ်အတွင်း စံ(၅)ရပ်နှင့်ပြည့်စုံသည့် ကျေးရွာစာကြည့်တိုက်များအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် UNICEF တို့ ပူးပေါင်းဖွင့်လှစ်ထားသော လူငယ်တို့အတွက် လူငယ်တို့ကမ္ဘာ Youth Centre(Pyay) က စာအုပ်စာစောင် ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၈ရက်က အဆိုပါအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး ပထမတန်းဦးဇော်ဝင်းနှင့် Youth Centre (Pyay) မြို့နယ် ကြီးကြပ်ရေးမှူး ဦးဝင်းကြိုင်တို့က ပေးအပ်ရာ ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးအောင်တို့က လက်ခံယူကြသည်။(**ယာပုံ**)

အဆိုပါလှူဒါန်းပွဲတွင် စာကြည့်တိုက် ၅၀ အတွက် ကျန်းမာရေးအသိပညာပေး စာအုပ်မျိုးစုံအုပ်၃၀၀နှင့် လက်ကမ်းစာစောင် ၁၄၀၀တို့ကို လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေဘို(၁) စပါးစံကွက်ရိတ်သိမ်းပွဲ ဘားအံ၌ကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၂၀

ကရင်ပြည်နယ် ဘားအံမြို့နယ် တရုတ်လှစ်ပြကျေးရွာတွင် ကျင်းပသည့် ရွှေဘို(၁) စပါးစံကွက်ရိတ်သိမ်းပွဲကို ဇန်နဝါရီ ၁၁ရက်က ဘားအံမြို့နယ် တရုတ်လှစ်ပြကျေးရွာ ကွင်းအမှတ်(၁၂၁၀) ဦးပိုင်အမှတ်(၂၂) တောင်သူ ဦးမြသန်း၏ ရွှေဘို(၁) စပါးစိုက်ကွင်း၌ ကျင်းပသည်။

တက်ရောက်အားပေး

အခမ်းအနားတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

စပါးပျိုးရိတ်သိမ်း

အဆိုပါရွှေဘို(၁) စပါးပျိုးရိတ်သိမ်းရာတွင် တစ်ဧကတင်း ၈၇ ဒသမ ၅၀နှုန်း ထွက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မကွေးတိုင်း စလင်းမြို့နယ် ဆင်ဖြူကျွန်း ဈေးမီးဘေးလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးသန်းထွန်းမင်း ဦးဆောင်သော ဝန်ထမ်းများနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ဈေးပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ဟုမ္မလင်းမြို့ အထကကျောင်း(ခွဲ)သို့ အလှူငွေများ ပေးအပ်လှူဒါန်း

ဟုမ္မလင်း ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် ကက်သာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးချစ်ဝင်းက အလှူငွေကျပ်နှစ်သိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလူကျော်သို့ ပေးအပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘရွှေနှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်လွင်နှင့် ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်တိုးတိုးသန်း၊ ဈေးခေါင်း၊ ဈေးမိဈေးဖများ ပါဝင်သောအဖွဲ့ ဇန်နဝါရီ ၁၅ရက်က မြို့မဈေး ကုန်စုံဆိုင်များသို့ အိုင်အိုဒင်းဆား ရောင်းချမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ချောက်မြို့နယ် စလေ-ပခန်းငယ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်

ချောက် ဖေဖော်ဝါရီ ၅

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း ချောက်မြို့နယ် ပခန်းငယ်ကျေးရွာအုပ်စု စလေ-ပခန်းငယ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားတွင် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက စလေ-ပခန်းငယ်ကျောက်ချောလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက ဖွင့်ပွဲအထိမ်းအမှတ်အလံကို ပေးအပ်သည်။ ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းတို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

သွားလာနိုင်

အဆိုပါ စလေ-ပခန်းငယ်လမ်း ကျောက်ချောလမ်းသစ်သည် အရှည်ပေ ၆၉၁၀၊ အကျယ် ၁၂ပေဖြစ်ပြီး ယင်းကျောက်ချောလမ်းသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၇၂၅၀၀၀၀ဖြင့် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကျေးရွာအုပ်စုငါးအုပ်စု သွားလာနိုင်၍ ကျေးရွာပေါင်း ၁၅ရွာနေ ပြည်သူများ လွယ်ကူစွာ ရာသီမရွေး မော်တော်ယာဉ်များ အသုံးပြုသွားလာနိုင်မည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ မြို့ဝင်ဆိုင်းဘုတ်အနီး မြေယာရှုခင်းအလှဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးထန်ဒေါင့်တွန် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နံ့ရုံကပ်စာစောင်ပြပွဲ ခမောက်ကြီး အထကတွင် ကျင်းပ

ခမောက်ကြီး ဖေဖော်ဝါရီ ၂၄

ခမောက်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု ဟောပြောပွဲနှင့် နံ့ရုံကပ်စာစောင်ပြသပွဲကို အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀နာရီက ကျင်းပရာ ခမောက်ကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်သက်ဦးက နံ့ရုံကပ်စာစောင်ပြပွဲပြသခြင်းနှင့် ပတ်သက်သည့် ရည်ရွယ်ချက်နှင့် ပြည်ထောင်စု စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေးအကြောင်း ဟောပြောသည်။

တက်ရောက်

ဆက်လက်၍ ခမောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာညွန့်က နံ့ရုံကပ်စာစောင်ပြသခြင်းနှင့် ဟောပြောပွဲ ကျင်းပပေးခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာ အခမ်းအနားသို့ ကျောင်းသားကျောင်းသူ ၂၅၀ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြေသားလမ်းဖောက်လုပ်

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် သိုက်တူးကန်-ညောင်နီကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၈ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်မျိုးလှိုင် လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအောင်ဘွား ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာမြို့၌ ကျန်းမာရေးအသိပညာပေး အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသ

မိတ္ထီလာ ဖေဖော်ဝါရီ ၁၅

မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးကြည်ဝင်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့သည် ဇန်နဝါရီ ၂၂ရက်က ဝမ်းတွင်းမြို့နယ် ပင်းတလဲကျေးရွာသို့ ကွင်းဆင်း၍ ကျန်းမာရေးပညာပေးခြင်း၊ လူနာများအား အခမဲ့ဆေးကုသမှုပေးခြင်းများကို ဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းဆေးကုသမှုလုပ်ငန်းတွင် ဆေးရုံအုပ်ကြီးနှင့်အတူ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးကြီးလှိုင်၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ငွေငွေဝင်း၊ စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးမြင့်ဆွေ၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ဝင်းမာဦး၊ အရိုးအထူးကုဆရာဝန် ဒေါက်တာ ဦးမင်းသူ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန် ဒေါက်တာဦးမြတ်ဆွေ၊ သားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာဒေါ်ခင်ပြုံးကြည်၊ အထူးကုဆရာဝန်(ဆေးပညာ) ဒေါက်တာ ဦးမြင့်သိန်းအောင်၊ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန် ဒေါက်တာဦးတင်စိုး၊ ခရိုင် တိုင်းရင်းဆေးခန်းမှူး ဒေါ်စန်းဆင့်ဆင့် စသည့်အထူးကုဆရာဝန်ကြီးများလိုက်ပါလျက် ကျေးရွာနေပြည်သူ ၂၅၀အား အခမဲ့ဆေးကုသမှုပေးခဲ့ပြီး မျက်မှန်လိုအပ်သော မျက်စိဝေဒနာရှင် ၁၁ဦးအတွက် မျက်မှန်ဖိုးငွေကျပ် ၂၀၀၀၀ကို မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က လှူဒါန်းကြသည်။ (ဝ၈၆)

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ဆက်သွယ်ရေး တာဝါတိုင်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ဖွံ့ဖြိုးဝေစည်နေသော ရခိုင်ပြည်နယ် ဆက်သွယ်ရေးကဏ္ဍ

➢ သတင်းမြင်ကွင်း - ကျော်စိန် ➢ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
➢ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသဖြစ်သည်။ တောတောင်များပေါ်များသည့်အတွက် ခရီးလမ်းပန်းသွားလာမှု မလွယ်ကူချေ။ တောတောင်များ ထူထပ်သည့်အပြင် တောင်များပေါ်၌ တည်ရှိနေသော မြို့ရွာများဖြစ်ရာ တစ်နေရာနှင့်တစ်နေရာ သွားလာရန် ရေလမ်းခရီးကို အားကိုးရသော ဒေသလည်း ဖြစ်သည်။

တပ်ဆင်ပေး

ယခုအခါ နိုင်ငံတော်က လမ်းများ၊ တံတားများ ဖောက်ပေးခြင်းကြောင့် သွားလာရေးအဆင်ပြေလျက်ရှိသည်။ ရခိုင်ပြည်နယ်အတွင်းနှင့် နိုင်ငံတော်အနှံ့ ဆက်သွယ်မှုလွယ်ကူစေရေးအတွက် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အဝေးပြေး တယ်လီဖုန်းများ တပ်ဆင်ပေးလျက်ရှိနေပြီဖြစ်သည်။

တည်ဆောက်ရေး

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရခိုင်ပြည်နယ်အတွင်း တယ်လီဖုန်းများ တပ်ဆင်ပေးနိုင်ခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်ပြီး ပြည်နယ်အတွင်း ဆက်သွယ်ရေးစခန်းများအပြင် စီဒီအမ်အေ (CDMA) မိုဘိုင်းလ်စခန်း တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၅ ■

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နေ့စဉ်အင်တာနက်ကို အချိန်ကြာမြင့်စွာ သုံးစွဲပါလျှင် သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများ ဖြစ်ပွားနိုင်ဟုဆို

အင်တာနက်ကို နေ့စဉ်အချိန်ကြာမြင့်စွာ အသုံးပြုသူများအနေဖြင့် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးများကို ထိခိုက်စေနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက သတိပေးပြောကြားလိုက်သည်။

ကင်းကွာတတ်

လူငယ်များအနေဖြင့် နေ့စဉ်အချိန်များစွာ အင်တာနက်အသုံးပြုခြင်းကြောင့် လက်တွေ့လူမှုဘဝ နယ်ပယ်အတွင်း ပတ်ဝန်းကျင်နှင့် ထိတွေ့ဆက်ဆံရသည့်အချိန် လျော့နည်းသွားစေကာ ပကတိလူမှုအဖွဲ့အစည်းနှင့် ကင်းကွာသွားတတ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အချိန်ကြာမြင့်

ထို့အတူ အချိန်ကြာမြင့်စွာ အင်တာနက် အသုံးပြုခြင်းကြောင့် အင်တာနက်ဖန်သားပြင်မှ အလင်းတန်းထွက်ရှိမှုကို တိုက်ရိုက်ထိတွေ့ခံရသည့်အပြင် ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်မှု နှေးကွေးသွားစေကာ နှလုံး၊ ဆီးချိုနှင့် သွေးတိုးရောဂါများ ဖြစ်ပွားစေနိုင်ကြောင်း သိရသည်။

အကြံပြု

အင်တာနက်ကို အချိန်ကြာမြင့်စွာ အသုံးပြုလေ့ရှိသူများသည် တစ်ဆက်စပ်တည်း အချိန်ကြာမြင့်စွာ အသုံးမပြုသင့်ကြောင်း၊ မကြာခဏ ပြောင်းလဲ အသုံးပြုသင့်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက အကြံပြုထားသည်။

သတင်းမှတ်စု - နုနုရီနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်စေရအောင် ကိုယ့်အင်ကိုယ့်အားဖြင့် ကြိုးပမ်းအားထုတ်ဆောင်ရွက်နေသည့် အချိန်အခါဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၃ ●

28-2 (20).pmd 1 2/28/2009, 12:50 AM